
Open
Myanmar
Initiative

လွှတ်တော်စောင့်ကြည့်လေ့လာရေး **အစီရင်ခံစာ အမှတ် (၆)**

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်)




**လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်**
**ပွင့်လင်းမြန်မာ့ရှေ့ဆောင်**
**အောက်တိုဘာ ၂၀၁၅**

လွှတ်တော် စောင့်ကြည့်လေ့လာရေး
အစီရင်ခံစာ အမှတ် - ၆

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

## (၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု လေ့လာချက်)

---


လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီအစဉ်
ပွင့်လင်းမြန်မာ့ရှေ့ဆောင်


Open Myanmar Initiative


အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁ ၅၃ ၄၀ ၈၀
E-mail : research@omimyanmar.org

**မျက်နှာဖုံးဒီဇိုင်းဖွင့်ဆိုချက်**
မျက်နှာဖုံးပါ သရုပ်ဖော်ပုံမှာ
၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်
အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်များတွင်
မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်းဆောင်ရွက်မှုများကို
နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။

**တည်းဖြတ်**
ထင်ကျော်အေး
**အစီရင်ခံစာပြုစုသူ**
ရဲမင်း

*၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ထုတ်ဝေသည်။*

မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

# မာတိကာ


| | | |
|---|---|---|
| အနှစ်ချုပ် | | ၅ |
| အခန်း (၁) | နိဒါန်း | ၇ |
| အခန်း (၂) | နောက်ခံအချက်အလက်များ | ၁၈ |
| ၂.၁ | ပြည်သူ့လွှတ်တော် | ၁၈ |
| ၂.၂ | အမျိုးသားလွှတ်တော် | ၁၉ |
| ၂.၃ | ပြည်ထောင်စုလွှတ်တော် | ၁၉ |
| ၂.၄ | လွှတ်တော်ပြင်ပအခြေအနေများ | ၂၀ |
| အခန်း (၃) | လွှတ်တော်လုပ်ငန်းများအား လေ့လာခြင်း | ၂၃ |
| ၃.၁ | မေးခွန်းများကို လေ့လာခြင်း | ၂၃ |
| ၃.၁.၁ | ပြည်သူ့လွှတ်တော်တွင် မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းများကိုလေ့လာခြင်း | ၂၃ |
| ၃.၁.၂ | အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သောမေးခွန်းများကိုလေ့လာခြင်း | ၂၉ |
| ၃.၂ | အဆိုများကို လေ့လာခြင်း | ၃၄ |
| ၃.၂.၁ | ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း | ၃၄ |
| ၃.၂.၂ | အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း | ၃၆ |
| ၃.၂.၃ | ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း | ၃၈ |
| ၃.၃ | လွှတ်တော်၏ ဥပဒေကြမ်းဆွေးနွေးအတည်ပြုမှု | ၄၀ |
| ၃.၃.၁ | ပြည်သူ့လွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု | ၄၀ |
| ၃.၃.၂ | အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု | ၄၂ |
| ၃.၃.၃ | ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု | ၄၅ |
| ၃.၄ | ကော်မတီအစီရင်ခံစာများ | ၄၆ |
| ၃.၅ | လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးပျက်ကွက်မှုများ | ၄၆ |
| အခန်း (၄) | တွေ့ရှိချက်များနှင့် အကြံပြုချက်များ | ၅၁ |
| ၄.၁ တွေ့ရှိချက်များ | | ၅၁ |
| ၄.၂ အကြံပြုချက်များ | | ၅၃ |
| ရည်ညွှန်းကိုးကားစာအုပ်များစာရင်း | | ၅၄ |

# ပါတီအမည်များနှင့် အတိုကောက်စကားလုံးများ

| | |
|---|---|
| AMRDP | မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ<br>All Mon Regions Democracy Party |
| CNDP/ CNP | ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (ယခင် ချင်းအမျိုးသားပါတီ)<br>Chin National Democratic Party (former Chin National Party) |
| CPP | ချင်းတိုးတက်ရေးပါတီ<br>Chin Progressive Party |
| DNDP | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ<br>Danu National Democracy Party |
| INDP | အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Inn National Development Party |
| KPP | ကရင်ပြည်သူ့ပါတီ<br>Kayin Peoples Party |
| KSDDP | ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ<br>Kayin State Democracy and Development Party |
| NDF | အမျိုးသားဒီမိုကရေစီအင်အားစု<br>National Democratic Force |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်<br>National League for Democracy |
| NNDP | အမျိုးသားဒီမိုကရေစီပါတီသစ်<br>New National Democracy Party |
| NUP | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ<br>National Unity Party |
| PNO | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ<br>Pao National Organization |
| PSDP | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ<br>Phalon-Sawaw Democratic Party |
| RNDP | ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ<br>Rakhine Nationalities Development Party |
| SNDP | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ<br>Shan Nationalities Democratic Party |
| TNP | တအာင်း(ပလောင်)အမျိုးသားပါတီ<br>Ta-Arng (Palaung) National Party |
| UDPKS | စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)<br>Unity and Democracy Party of Kachin State |
| USDP | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ<br>Union Solidarity and Development Party |
| WDP | "ဝ"ဒီမိုကရက်တစ်ပါတီ<br>Wa Democratic Party |

## မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်
## (၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု လေ့လာချက်)
## အနှစ်ချုပ်

ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်၏ အစီရင်ခံစာ အမှတ် (၆) တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ ၁၁ ကြိမ်မြောက် ပုံမှန် အစည်းအဝေးအတွင်း မေးခွန်းများ၊ အဆိုများနှင့် ဥပဒေကြမ်းများကို အရေအတွက်ပြ သုတေသနနည်းဖြင့် လေ့လာဆန်းစစ်ရာမှ ထွက်ပေါ်လာသော တွေ့ရှိချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြလိုက်ပါသည်။

**မေးခွန်းမေးမြန်းမှု**

ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၁၇၁)ခု ရှိခဲ့သည်ကို တွေ့ရပါသည်။ လွှတ်တော်အစည်းအဝေးတစ်ရက်လျင် မေးခွန်းစုစုပေါင်း (၅) ခုခန့် မေးမြန်းခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော် သက်တမ်းတစ်လျှောက် မေးခွန်းမေးမြန်းမှုနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးသည် ပျမ်းမျှအောက်လျော့သော အစည်းအဝေးဖြစ်ကြောင်း တွေ့ရပါသည်။

အမျိုးသားလွှတ်တော် ၁၁ အကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း (၁၅၆)ခုရှိခဲ့သည်ကို တွေ့ရပါသည်။ လွှတ်တော်အစည်းအဝေးတစ်ရက်လျင် မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း (၅) ခုခန့် မေးမြန်းခဲ့သည်။ အမျိုးသားလွှတ်တော် သက်တမ်းတစ်လျှောက် မေးခွန်းမေးမြန်းမှုနှင့် နှိုင်းယှဉ်ကြည့်လျှင် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးသည် ပျမ်းမျှထက်ပိုမိုသော ကြယ်ပွင့်ပြ မေးခွန်းအရေအတွက်ကို မေးမြန်းနိုင်ခဲ့သော အစည်းအဝေးဖြစ်ကြောင်း တွေ့ရပါသည်။

**အဆိုတင်သွင်းမှု**

၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင် အဆို ၆ ခုစီ တင်သွင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုလွှတ်တော်တွင် အဆို ၁၀ ခုတင်သွင်း ဆွေးနွေးခဲ့ကြကြောင်း တွေ့ရပါသည်။

**အကြောင်းအရာကဏ္ဍ**

လွှတ်တော်နှစ်ရပ် မေးခွန်းမေးမြန်းမှုကို လေ့လာရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ မေးခွန်းများကို အများဆုံး မေးမြန်းခဲ့ကြကြောင်း တွေ့ရသည်။ အဆိုများတွင်မူ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အသီးသီးတွင် နိုင်ငံရေးနှင့် လူမှုရေးအထောက်အပံ့ အဆိုများမှာ အများဆုံးဖြစ်ခဲ့သည်။

**မေးခွန်းများကို တုံ့ပြန်မှု**

မေးမြန်းသော မေးခွန်းများအတွက် တုံ့ပြန်မှုများကို ကြည့်သောအခါ ပြည်သူ့လွှတ်တော်တွင်ရော အမျိုးသားလွှတ်တော်တွင်ပါ မေးခွန်းစုစုပေါင်း၏ ၂၆ ရာခိုင်နှုန်းအတွက် အပြုသဘောဆောင်သည့် တုံ့ပြန်မှုများကို ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် မရှင်းလင်းသည့် တုံ့ပြန်မှုမှာ အများဆုံးဖြစ်ပြီး၊ အမျိုးသားလွှတ်တော်တွင် ငြင်းဆိုသည့် တုံ့ပြန်မှုမှာ အများဆုံးဖြစ်ခဲ့သည်။

**ဥပဒေပြုရေး**

၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း ၂၆ ခုကို ဆွေးနွေးအတည်ပြုဆောင်ရွက်ခဲ့ပြီး၊ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ၂၅ ခုကို ဆွေးနွေးအတည်ပြုခဲ့သည်။ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေကြမ်း ၂၁ ခု ဆွေးနွေးအတည်ပြုခဲ့ရသည်။

**လွှတ်တော်ကော်မတီ အစီရင်ခံစာများ**

ပြည်သူ့လွှတ်တော်တွင် လွှတ်တော်ကော်မတီနှစ်ရပ်မှ အစီရင်ခံစာများ အသီးသီး တင်သွင်းခဲ့ကြသည်။ ထိုကော်မတီများမှာ အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များ စိစစ်ရေးကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတို့ ဖြစ်သည်။

**အခန်း (၁)**
**နိဒါန်း**

## ၁.၁ ။ သုတေသနရည်ရွယ်ချက်

လွှတ်တော်လေ့လာစောင့်ကြည့်ရေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ လွှတ်တော် အခြေခံလုပ်ငန်းဆောင်တာများဖြစ်သည့် ကိုယ်စားပြုရေး၊ အစိုးရကို ထိန်းကျောင်းစိစစ်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကဲခတ်သုံးသပ်နိုင်စေရန်ဖြစ်ပါသည်။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုအဆင့် ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်တို့၏ ဆောင်ရွက်ချက်များအား မဲဆန္ဒရှင် ပြည်သူများ စိတ်ဝင်စားမှုနှင့် သိရှိနားလည်မှုတို့ကို တစ်ဆင့်ချင်းမြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

ထို့ကြောင့် လွှတ်တော်တွင်း ဆောင်ရွက်ချက် များထဲမှ မေးခွန်းများနှင့် ပတ်သက်၍လည်းကောင်း၊ အဆိုများနှင့် ပတ်သက်၍လည်းကောင်း အရေအတွက် အခြေပြုမှ စတင်ခဲ့သည်။ ယခုအစီရင်ခံစာကမူ ယခင်ထုတ်ဝေခဲ့သည့် အစီရင်ခံစာ (၁)၊ (၂) နှင့် (၃) တို့ ကဲ့သို့ ဆောင်ရွက်ချက် အမျိုးအစားတစ်ရပ် သို့မဟုတ် ကာလရှည်အပိုင်းအခြားဖြင့် လေ့လာမှုမဟုတ်ပဲ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တစ်ခုအတွင်း အချက်အလက်များကို အခြေခံထားခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မေးခွန်း၊ အဆိုများ ဆိုင်ရာ အချက်အလက်များ သာမက၊ ဥပဒေအတည်ပြုမှု၊ ကော်မတီ အစီရင်ခံစာတင်သွင်း ကြားနာမှု၊ ကိုယ်စားလှယ် များ၏အစည်းအဝေးတက်ရောက်မှု တို့ကိုပါ 'ဖြည့်စွက်' ဖော်ပြနိုင်ခဲ့ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်မှ ယခင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာများမှာ ပထမပုံမှန်အစည်းအဝေးကာလမှ ဆဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်အစည်းအဝေးခြောက်ကြိမ်အတွက်အချက်အလက်များကို စုစည်း၍ မေးမြန်းခဲ့သောကြယ်ပွင့်ပြမေးခွန်းများ အပေါ် ကိန်းဂဏန်းအခြေပြုလေ့လာတွေ့ရှိချက်အစီရင်ခံစာအမှတ် (၁)၊ ပထမပုံမှန်အစည်းအဝေးကာလမှ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအထိ လွှတ်တော်အစည်းအဝေးခြောက်ကြိမ် အတွက် အချက်အလက်များကိုစုစည်း၍ တင်သွင်းခဲ့သောအဆိုများ အပေါ်ကိန်းဂဏန်းအခြေပြု လေ့လာတွေ့ရှိချက် အစီရင်ခံစာ အမှတ် (၂)၊ သတ္တမပုံမှန်အစည်းအဝေးကာလ မှ နဝမပုံမှန် အစည်းအဝေးကာလများအထိ လွှတ်တော် အစည်းအဝေး သုံးကြိမ်အတွက် မေးမြန်းခဲ့သော ကြယ်ပွင့်ပြ မေးခွန်းများနှင့် တင်သွင်းခဲ့သောအဆိုများအားလုံးအပေါ် ကိန်းဂဏန်းအခြေပြု လေ့လာတွေ့ရှိချက်အစီရင်ခံစာ အမှတ် (၃) တို့ဖြစ်သည်။ လွှတ်တော် အကြိမ်အရေ အတွက်အားဖြင့် ခြောက်ကြိမ်စီနှင့် သုံးကြိမ်စီစုစည်းလေ့လာတင်ပြမှုပြုခဲ့ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခဲ့ရခြင်းမှာ ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော် စောင့်ကြည့်လေ့လာရေးအနေဖြင့် ပုံမှန်အစည်းအဝေးများကျင်းပမှုထက် နောက်ကျပြီး သုတေသနလေ့လာမှုပြုခဲ့ရသောကြောင့်ဖြစ်သည်။ လွှတ်တော်သက်တမ်းကာလတစ်လျှောက်လုံး လွှတ်တော်၏လုပ်ငန်းဆောင်တာများအားလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆောင်ရွက်ခဲ့မှုများကို အစီရင်ခံ မှတ်တမ်းပြု ထုတ်ပြန်နိုင်ရန် ရည်သန်ခဲ့သောကြောင့်ဖြစ်ပါသည်။ သို့သော် ယခုအစီရင်ခံစာဖြစ်သည့် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးမြန်းခဲ့သော မေးခွန်းများနှင့် တင်သွင်းခဲ့သောအဆိုများ၊ အတည်ပြုခဲ့သော ဥပဒေကြမ်းများအား ကိန်းဂဏန်းအခြေပြု လေ့လာတွေ့ရှိချက်များအား လွှတ်တော်ပုံမှန်အစည်းအဝေး တစ်ခုတည်းကို ပိုင်းဖြတ်ပြီး လေ့လာတင်ပြထားသော အစီရင်ခံစာဖြစ်သည်။ ထိုကဲ့သို့ လွှတ်တော်အစည်းအဝေး တစ်ကြိမ်အတွက်ကို လေ့လာမှုပြုထားခြင်းသည် လွှတ်တော်များ၏ အစည်းအဝေးတစ်ကြိမ်စီအလိုက် သိရှိစေနိုင်ရန်ရည်ရွယ်ပါသည်။ ဤအစီအရင်ခံစာတွင် အသုံးပြုထားသော အချက်အလက် ကောက်ယူစုဆောင်းမှုများသည် ပြည်ထောင်စု လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှတ်တမ်းစာအုပ်များကို အခြေခံ၍ ကောက်ယူလေ့လာမှု ပြုထားခြင်းဖြစ်ပါသည်။ ပွင့်လင်းမြန်မာ့ရှေ့ဆောင်အနေဖြင့် ယခုအစီရင်ခံစာကို ရေးသားတင်ပြရာတွင် လွှတ်တော်၏လုပ်ငန်းဆောင်တာများဖြစ်သည့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေ ကြမ်းများရေးဆွဲတင်သွင်းခြင်း၊ လက်ခံဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းစသော လုပ်ငန်းစဉ်များကို လွှတ်တော်ပုံမှန်အစည်းအဝေးကာလတစ်ကြိမ်အတွင်း၌ ဆောင်ရွက်ခဲ့မှုများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုများကို ဖော်ပြထားခြင်းဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများ၊ လေ့လာသူများ၊ နီးနွယ်သက်ဆိုင်သူများအနေဖြင့် အစည်းအဝေးတစ်ကြိမ်ချင်းစီကို ရှင်းလင်းလွယ်ကူစွာ လေ့လာနိုင်ကြစေရန် ရည်ရွယ်သည်။

## ၁.၂ ။ သုတေသန လုပ်ထုံးလုပ်နည်းများ

လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများကို လေ့လာရာတွင် ဥပဒေပြုလွှတ်တော်များ၏ အဓိကလုပ်ငန်းများဖြစ်သော ဥပဒေပြုမှု၊ အစိုးရအားထိန်းကျောင်းစိစစ်မှုနှင့် မဲဆန္ဒရှင်ပြည်သူများအား ကိုယ်စားပြုနိုင်မှု စသည်တို့ကို လွှတ်တော်အစည်းအဝေးမှတ်တမ်းများမှ အချက်အလက်များထုတ်ယူပြီး အရေအတွက်ပြ သုတေသနပြုနည်းဖြင့် လေ့လာထားပါသည်။ ထိုနည်းတူ မေးခွန်းများနှင့် အဆိုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပိုင်းခြားလေ့လာမှုပြုခဲ့ပါသည်။ ယခုလေ့လာထားသောမေးခွန်းများသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လွှတ်တော်တွင် လာရောက်ဖြေဆိုခဲ့သော ကြယ်ပွင့်ပြမေးခွန်းများ ဖြစ်ပါသည်။ ၎င်းအပြင် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလများအတွင်း သက်ဆိုင်ရာလွှတ်တော်များအလိုက်အတည်ပြုခဲ့သော ဥပဒေကြမ်းများကိုလည်းကောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်တိုင်ကြား ပျက်ကွက်ခဲ့မှုများကိုလည်းကောင်း လေ့လာမှုပြုခဲ့ပါသည်။

## ၁.၃ ။ ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းဖွင့်ဆိုမှု

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် သုတေသနလေ့လာမှုပြုရာတွင် ဝေါဟာရရွေးချယ်မှုနှင့် ရည်ညွှန်းအဓိပ္ပါယ် ဖွင့်ဆိုမှုများကို ယခင်အစီရင်ခံစာအမှတ် (၁)၊ အမှတ် (၂) နှင့် အမှတ် (၃) တို့တွင် ဖွင့်ဆိုထားခဲ့သည့်အတိုင်း ဆက်လက်လေ့လာမှုပြုထားခဲ့ကြပါသည်။ အဆိုပါ အဓိပ္ပါယ်ဖွင့်ဆိုထားရှိမှုများကို ယခုအစီရင်ခံစာတွင် အောက်ပါအတိုင်း ထပ်မံ၍ အကျဉ်းချုံးဖော်ပြပေးထားပါသည်။

### ၁.၃.၁ ။ အကြောင်းအရာ/ကဏ္ဍများကို အမျိုးအစားခွဲခြားခြင်း

မေးခွန်းများ၊ အဆိုများကို အကြောင်းအရာကဏ္ဍအလိုက်အခြေခံပြီး အမျိုးအစားခွဲခြားထားပါသည်။ ထိုသို့ခွဲခြားရာတွင် လာရောက်ကြားနာခံရသည့် အဖွဲ့အစည်းအလိုက် ခွဲခြားခြင်းမဟုတ်ဘဲ မေးခွန်း၊ အဆို၏ မူရင်းအကြောင်းအရာကိုသာ အခြေခံပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ ဖွင့်လှစ်ပေးရန်မေးမြန်းသော မေးခွန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လာရောက်ဖြေကြားသော်လည်း ပညာရေးဟုသာ သတ်မှတ်ပါသည်။ ယေဘုယျအမျိုးအစားခွဲခြားပုံကို အောက်ပါအတိုင်းပြုလုပ်ပါသည်။

#### (က) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး

လမ်း၊ တံတား၊ ဆည်မြောင်း အပါအဝင် အဆောက် အအုံများဆောက်လုပ်ခြင်း၊ ထိန်းသိမ်းခြင်းပြုပြင်ခြင်းတို့ ဖြစ်သည်။ သို့သော် ဆေးရုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းကို ကျန်းမာရေးဟု သတ်မှတ်ပြီး၊ စာသင်ကျောင်းများ ဆောက်လုပ်တိုးချဲ့ခြင်းတို့ကို ပညာရေးဟုသတ်မှတ်ပါသည်။

## (ခ) စိုက်ပျိုးရေး

စိုက်ပျိုးစရိတ် ထုတ်ချေးခြင်းမှသည် သီးနှံများဈေးကောင်းရရေး၊ လယ်သမားများ၏ အခွင့်အရေး စသည်တို့ကို စိုက်ပျိုးရေး ဟူသောခေါင်းစဉ်အောက်တွင် ထည့်သွင်း သတ်မှတ်ထားပါသည်။

## (ဂ) ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများ ခန့်ထားရေးနှင့်ပတ်သက်သည့်ကိစ္စများ၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံနှင့် စပ်လျဉ်းသည်တို့ကို ကျန်းမာရေးဟု ထည့်သွင်းသတ်မှတ်ပါသည်။

## (ဃ) ပညာရေး

ပညာရေးနှင့်ပတ်သက်သည့် အဆောက်အအုံများတိုးချဲ့တည်ဆောက်မှု၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု၊ ပညာရေးဝန်ထမ်းများ ခန့်ထားမှုတို့ကို ပညာရေးဟု သတ်မှတ်ပါသည်။

## (င) ယဉ်ကျေးမှုနှင့် အနုပညာ

ယဉ်ကျေးမှုအမွေအနှစ်များ၊ စာပေ၊ ပန်းချီ၊ ဂီတ၊ ရုပ်ရှင်စသည့် ကိစ္စရပ်များကို ယဉ်ကျေးမှုနှင့် အနုပညာဟုသတ်မှတ်ပါသည် ။

## (စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြစ်ချောင်းအင်းအိုင်၊ သစ်တော၊ ဇီဝမျိုးကွဲများနှင့် အခြားသော သဘာဝသယံဇာတများအား ထိန်းသိမ်းခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဟုသတ်မှတ်ပါသည်။

## (ဆ) နိုင်ငံရေး

အုပ်ချုပ်ရေးစနစ်သစ်၊ စနစ်ဟောင်းတို့ကြောင့်ဖြစ်ပေါ်လာသောကိစ္စရပ်များ၊ ပါတီများ၊ ရွေးကောက်ပွဲများနှင့် နီးနွယ်နေသည့်ကိစ္စရပ်များကို နိုင်ငံရေးဟု သတ်မှတ်ပါသည်။

## (ဇ) မြေယာနှင့် အိုးအိမ်

အိုးအိမ်ခြံမြေတွင် ရင်းနှီးမြှုပ်နှံမှု ၊ ရောင်းချပေါင်နှံမှု ၊ ငှားရမ်းမှုအပါအဝင် မြေယာနှင့် အိုးအိမ်များကို တစ်နည်းနည်းဖြင့် စီမံခန့်ခွဲ ကိုင်တွယ်သုံးစွဲမှုတို့ကို မြေယာနှင့် အိုးအိမ်ဟုသတ်မှတ်ပါသည်။

## (ဈ) အလုပ်သမားအရေး

အလုပ်သမားများ၏ ရပိုင်ခွင့်၊ အခွင့်အရေးများ၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ပဋိပက္ခများ စသည်တို့ကို အလုပ်သမားအရေးအဖြစ် သတ်မှတ်ပါသည်။

## (ည) စွမ်းအင်

စွမ်းအင်ပုံစံတစ်မျိုးမျိုးအား ထုတ်ယူသုံးစွဲမှု၊ ရောင်းချမှု၊ စီမံခန့်ခွဲမှု၊ ဖြန့်ဝေမှုတို့ကို စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

## (ဋ) အုပ်ချုပ်ရေး

အစိုးရ၏ အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်ပတ်သက်နေသည့် ကိစ္စရပ်များ၊ အုပ်ချုပ်ရေး ယန္တရား၏ တိုက်ရိုက် စီမံခန့်ခွဲမှုအောက်တွင်ရှိသော ကိစ္စရပ်များကို အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအဖြစ် သတ်မှတ်ပါသည်။

## (ဌ) သယ်ယူပို့ဆောင်ရေး

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဆိုင်ရာ စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများကို သယ်ယူပို့ဆောင်ရေး ဟုသတ်မှတ်ပါသည်။

## (ဍ) စက်မှုလုပ်ငန်း

ကုန်ထုတ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ ထူထောင်ခြင်း၊ စီမံခြင်း၊ ပြုပြင်ပြောင်းလဲခြင်း စသည်တို့ကို စက်မှုလုပ်ငန်းဟု သတ်မှတ်ပါသည်။

## (ဎ) ဝန်ဆောင်မှုလုပ်ငန်း

သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်းတို့မှအပ (ယင်းတို့သည်လည်း ဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော်လည်း ပိုမိုအသေးစိတ် သုံးသပ်နိုင်စေရန် ခွဲခြမ်းခဲ့ခြင်း ဖြစ်သည်) အခြားသော အစိုးရနှင့် ပုဂ္ဂလိကဝန်ဆောင်မှုလုပ်ငန်းများကို ဝန်ဆောင်မှု လုပ်ငန်းခေါင်းစဉ် အောက်တွင် ထည့်သွင်းထားသည်။

## (ဏ) ခရီးသွားလုပ်ငန်း

ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ စီမံခန့်ခွဲမှုများ၊ မူဝါဒများကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအဖြစ် ခွဲခြမ်းသတ်မှတ်ပါသည်။

## (တ) ဖွံ့ဖြိုးတိုးတက်ရေး

ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ၊ အထောက်အပံ့များ၊ ဒေသအလိုက်နှင့် နိုင်ငံအဝှမ်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးဟု သတ်မှတ်ပါသည်။

## (ထ) တိုင်းရင်းသားအရေး

ဗမာတိုင်းရင်းသားအပါအဝင် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တိုင်းရင်းသားများ၏ အရေးကိစ္စများကို တိုင်းရင်းသားအရေးဟု သတ်မှတ်ပါသည်။

## (ဒ) တရားစီရင်ရေး

တရားရုံးများ၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှသည် တရားစီရင်ရေးစနစ်တစ်ခုလုံးနှင့်ပတ်သက်သည့် ကိစ္စများကို တရားစီရင်ရေးဟု သတ်မှတ်ပါသည်။

## (ဓ) ဘာသာရေး

နိုင်ငံသားတို့၏ယုံကြည် ကိုးကွယ်မှုနှင့် သက်ဆိုင်သောကိစ္စရပ်များ အားလုံးကို ဘာသာရေးဟုသတ်မှတ်ပါသည်။

## (န) အားကစား

အားကစားနည်းများအား လူထုအကြားပျံ့နှံ့စေရေး၊ အားကစားကွင်းများအား စီမံခန့်ခွဲရေးတို့ကို အားကစားဟုဖော်ပြပါသည်။

## (ပ) စီးပွားရေး

ကုန်သန်းရောင်းဝယ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ အကျိုးအမြတ်အလို့ငှာ ဆောင်ရွက်သောလုပ်ငန်းများ နှင့်ပတ်သက်သည့်ကိစ္စများကို စီးပွားရေးဟု သတ်မှတ်ပါသည်။

## (ဖ) လူမှုရေး အထောက်အပံ့

နိုင်ငံသားတိုင်း ဆင်းရဲနိမ့်ပါးမှုမှ ကင်းဝေးပြီး လူမှုဘဝ တိုးတက်မြင့်မားစေရေး၊ လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်ရပ်တည်နိုင်ရေး စသည်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အထောက်အပံ့များကို လူမှုရေးအထောက်အပံ့ဟု သတ်မှတ်ပါသည်။`

## (ဗ) အခွန်ကောက်ခံရေး

အခွန်ကောက်ခံရေး၊ လျှော့ပေါ့ပေးရေးအပါအဝင် အခြားအခွန်ဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးကို အခွန်ကောက်ခံရေးအဖြစ် သတ်မှတ်ပါသည်။

## (ဘ) ငြိမ်းချမ်းရေး

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းချမ်းရေးဟု သတ်မှတ်ပါ သည်။

## (မ) နိုင်ငံသားများ၏ အခွင့်အရေး

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့် စသည့်နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးများနှင့်သက်ဆိုင်သည့် ကိစ္စများကို နိုင်ငံသားများ၏ အခွင့်အရေး ဟုသတ်မှတ်ပါသည်။

## (ယ) ဥပဒေပြုရေး

ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ပြုပြင်ခြင်း၊ ဖျက်သိမ်းခြင်းစသည့် ဥပဒေနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဥပဒေပြုရေး ဟုသတ်မှတ်ပါသည်။

## (ရ) ဘဏ္ဍာရေး

ပုဂ္ဂလိကဘဏ်များ၊ အစိုးရဘဏ်များ၊ သမဝါယမဘဏ်များနှင့် သက်ဆိုင်သည့် ချေးငွေရယူခြင်း၊ အာမခံထားခြင်းဆိုင်ရာစာချုပ်စာတမ်းများ၊ ငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဘဏ္ဍာရေးဟုသတ်မှတ်ပါသည်။

## (လ) သဘာဝသယံဇာတ

ဓါတ်သတ္တု၊ သဘာဝဓါတ်ငွေ့၊ သစ်တောထွက်ပစ္စည်းများ။ ရေအရင်းအမြစ်နှင့် အခြားသော ကျောက်မျက်ရတနာများ တူးဖော်ထုတ်ယူမှုများနှင့် သက်ဆိုင်သောကိစ္စရပ်များ အားလုံးကို သဘာဝသယံဇာတ အရင်းအမြစ်ဆိုင်ရာများဟု သတ်မှတ်ပါသည်။

## (သ) ရင်းနှီးမြှုပ်နှံမှု

စီးပွားရေးဇုန်တည်ဆောက်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ ရင်းနှီးမြှုတ်နှံမှုဆိုင်ရာများ၊ အလတ်စား၊ အသေးစား စီးပွားရေးလုပ်ငန်းများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှု ဟု သတ်မှတ်ပါသည်။

## (ဟ) မွေးမြူရေး

တိရစ္ဆာန်များ မွေးမြူရေး၊ မျိုးစိပ်အသစ်များ ထပ်မံတိုးချဲ့ မွေးမြူခြင်း၊ မျိုးပွားခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာများနှင့် ပတ်သက်သည့် ကိစ္စရပ်များ အားလုံးကို မွေးမြူရေးဟု သတ်မှတ်ပါသည်။

## ၁.၃.၂ ။ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အပေါ် ရည်ရွယ်ချက်များကို အမျိုးအစားခွဲခြားခြင်း။

ကြယ်ပွင့်ပြမေးခွန်းများ၊ တင်သွင်းခဲ့သောအဆိုများအားလုံး၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်းအမျိုးအစားခွဲခြားကောက်ယူခဲ့ပါသည်။

### (က) ကိုယ်စားပြုမှု

ကြယ်ပွင့်ပြမေးခွန်းများနှင့် အဆိုများတွင် မေးမြန်းတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်သည် ယင်း၏ မဲဆန္ဒနယ်မှ ပြည်သူတစ်ရပ်လုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို ကိုယ်စားပြု၍ မေးမြန်းတင်သွင်းမှု ပြုလုပ်ခြင်းကို ကိုယ်စားပြုမှု ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည်ဟု သတ်မှတ်ပါသည်။

### (ခ) အစိုးရအား ထိန်းကျောင်းစိစစ်မှု

မဲဆန္ဒနယ်တစ်ခုကို ကိုယ်စားပြုသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ယင်း၏ မဲဆန္ဒနယ်ကို ကျော်လွန်သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှု၊ အဆိုတင်သွင်းမှုများကိုမူ ကိုယ်စားပြုမှုဟု မယူဆဘဲ အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် ကောက်ယူပါသည်။ ထို့ပြင် အစိုးရ၏ ရပ်တည်ချက်၊ မူဝါဒ၊ လုပ်ငန်းဆောင်ရွက်ချက်များ အပါအဝင် အုပ်ချုပ်ရေးယန္တရားနှင့် တိုက်ရိုက်သက်ဆိုင်နေသော အကြောင်းအရာများကို မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းတို့ကိုလည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုအဖြစ် သတ်မှတ်ပါသည် ။

### (ဂ) ဥပဒေပြုမှု

ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများ၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်း အဆင့်ဆင့်ဆောင်ရွက်ကြခြင်းကို ဥပဒေပြုမှုအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းအဖြစ် သတ်မှတ်ပါသည်။

## ၁.၃.၃ ။ မေးမြန်းခဲ့သည့်မေးခွန်းများအပေါ် လွှတ်တော်သို့ လာရောက်ဖြေဆိုသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ တုံ့ပြန်မှုများကို အမျိုးအစား ခွဲခြားခြင်း။

လွှတ်တော်အတွင်းမေးမြန်းသည့် မေးခွန်းများကို ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားနိုင်ကြောင်းတွေ့ရသည်။ (က) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များကိုသိရှိလိုသည့်အခါ မေးခွန်းများ မေးမြန်းလေ့ရှိသည်။ (ခ) ယင်းတို့၏ မဲဆန္ဒနယ်များနှင့်ပတ်သက်သည့်ကိစ္စများကို ပြည်ထောင်စုအဖွဲ့အစည်းများက ဆောင်ရွက်ပေးနိုင် ခြင်းရှိ၊ မရှိလည်း မေးမြန်းလေ့ရှိသည်။ (ဂ) ပြည်ထောင်စု အဆင့်အဖွဲ့အစည်းအသီးသီး၏ ရပ်တည်ချက်များနှင့် မူဝါဒများကို အတည်ပြုချက်ရယူမေးမြန်းသည့် မေးခွန်းများလည်းရှိပါသည်။ ထို့အတွက် တုံ့ပြန်မှုများကို အမျိုးအစား ခွဲခြားရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြ မေးခွန်းများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြန်လည်ရှင်းလင်းဖြေကြားသည့် တုန့်ပြန်မှုများအလိုက် အမျိုးအစားခွဲခြားခြင်းကို အဆင့်ငါးဆင့်ပိုင်းခြား၍ လေ့လာ ထားသည်။ ၎င်းတို့မှာ အပြုသဘောဆောင်သည့်တုံ့ပြန်မှု၊ ငြင်းဆန်သည့်တုံ့ပြန်မှု၊ မရှင်းလင်းသည့် တုံ့ပြန်မှု၊ ရောပြွမ်း တုံ့ပြန်မှုနှင့် ဆောင်ရွက်ဆဲဟု တုံ့ပြန်မှုတို့ ဖြစ်ပါသည်။ မေးမြန်းမှုအဖြစ် သက်ဝင်ခြင်းမရှိဘဲ မေးခွန်းအဖြစ်မှ မေးမြန်းသူက ပြန်လည်ရုတ်သိမ်းခြင်းမျိုးကိုလည်း ခြွင်း ချက်အဖြစ်မြင်တွေ့နိုင်ပါသည်။

### (က) အပြုသဘောဆောင်သည့် တုံ့ပြန်ချက်

လွှတ်တော်သို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ် သို့မဟုတ် ကိုယ်စားလာရောက်ဖြေကြားသောပုဂ္ဂိုလ်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းစွာဖြေကြားပြီး တိကျသော ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးပါမည်ဟူသည့် တိကျသော ကတိကဝတ်ဖြစ်ပါက အပြုသဘောဆောင်သည့်တုံ့ပြန်ချက်ဟုသတ်မှတ်ပါသည်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ရပ်တည်ချက်၊ မူဝါဒများကို မေးမြန်းသည့် မေးခွန်းများတွင်မူ တိကျရှင်းလင်းသည့် မူဝါဒချပြနိုင်မှုပေါ်မူတည်၍ အပြုသဘောဆောင်သည့် တုံ့ပြန်မှုဟု ယူဆခြင်းဖြစ်သည်။

### (ခ) ငြင်းဆိုသည့် တုံ့ပြန်ချက်

ငြင်းဆိုသည်ဟု သတ်မှတ်ခံရသည့် တုံ့ပြန်ချက်များမှာ လွှတ်တော်ကိုယ်စားလှယ်များ အဆိုပြုသော ကိစ္စရပ်များကို တိကျသည့် ဘဏ္ဍာနှစ်တစ်ခုအတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးဟု ဖြေကြားသော အဖြေများနှင့် တိကျသောမူဝါဒကိုချမပြနိုင်သည့် တုံ့ပြန်ချက်များကိုသတ်မှတ်ခြင်းဖြစ်သည်။ အကယ်၍ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်က မေးခွန်းပါအကြောင်းအရာနှင့်ပတ်သက်၍ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်မကိုက်ညီသောကြောင့်လည်းကောင်း၊ အစိုးရ၏ဘဏ္ဍာရေးအခြေအနေကြောင့်သော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိဟု တုံ့ပြန်မှုများကိုလည်း ငြင်းဆိုသည့်တုံ့ပြန်ချက်များဟူ၍ သတ်မှတ်သည်။

## (ဂ) မရှင်းလင်းသည့် တုံ့ပြန်ချက်

မေးခွန်းများကို တိတိကျကျဖြေကြားခြင်းမရှိသောအဖြေများ၊ တိကျသောမူဝါဒ၊ ရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားနိုင်မှုမရှိသည့် တုံ့ပြန်ချက်များကို မရှင်းလင်းသည့်တုံ့ပြန်ချက်များအဖြစ်သတ်မှတ်ပါသည်။ မေးခွန်းဖြေဆိုသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်က မေးခွန်းပါ အကြောင်းအရာနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန် တိကျသောဘဏ္ဍာရေးနှစ် သတ်မှတ်ဖော်ပြခြင်းမရှိသော တုံ့ပြန်မှုများကို လည်းမရှင်းလင်းသည့် တုံ့ပြန်ချက်များ ဖြစ်သည်ဟု သတ်မှတ်သည်။

## (ဃ) ရောပြွမ်းတုံ့ပြန်ချက်

လွှတ်တော်အမတ်များသည် တစ်ခုထက်ပိုသော မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းခြင်းကြောင့်ဖြစ်စေ၊ လာရောက်ဖြေကြားသော ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်သည် မေးခွန်းကို ဆစ်ပိုင်းဖြေကြားခြင်းကြောင့်ဖြစ်စေ ရောပြွမ်းတုံ့ပြန်ချက်များဖြစ်လာလေ့ရှိပါသည်။ ဥပမာအားဖြင့် မေးခွန်း၏ အစိတ်အပိုင်းတစ်ရပ်ကို အပြုသဘောဖြေကြားပြီး၊ ကျန်အစိတ်အပိုင်းတစ်ရပ်ကိုမူ မတူညီသည့်တုံ့ပြန်မှုအမျိုးအစားတစ်ခုဖြင့် ဖြေကြားပါက ရောပြွမ်း တုံ့ပြန်ချက်များအဖြစ် သတ်မှတ်ပါသည်။

## (င) ဆောင်ရွက်ဆဲဟု တုံ့ပြန်ချက်

ကိစ္စတစ်ရပ်သည် မေးခွန်းမေးမြန်းသည့်ကာလတွင် သို့မဟုတ် ၄င်းဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော အကြောင်း အရာဖြစ်သည် ဟုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်က "သိလိုသဖြင့်" မေးမြန်းသော မေးခွန်းနှင့်လျော်ညီစွာ အဆင့်ဆင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆောင်ရွက်လျက်ဖြစ်ကြောင်းဖြေကြားပါက ထိုတုံ့ပြန်ချက်များကို ဆောင်ရွက်ဆဲဟု သတ်မှတ်ပါသည်။

## ၁.၃.၄။ အဆိုများတင်သွင်းခြင်းနှင့် သက်ဆိုင်သည့်နည်းနာဗေဒ။

အဆိုများနှင့်ပတ်သက်သော အချက်အလက်များ ကောက်ယူရာတွင် ဝမ်းသာကြောင်း၊ ဝမ်းနည်းကြောင်း အဆိုများနှင့် ဥပဒေကြမ်းတင်သွင်းရာတွင် လုပ်ထုံးလုပ်နည်းများအရ တင်သွင်းရသော အဆိုများမှအပ ကျန်အဆိုများကိုထည့်သွင်းကောက်ယူထားပါသည်။ အဆိုဆွေးနွေးချက်များကို ကောက်ယူရာတွင်လည်း အဆိုတစ်ခု တင်သွင်းသင့်ကြောင်း၊ ထောက်ခံဆွေးနွေးချက်များကို ထည့်သွင်းရေတွက်ခြင်းမပြုပါ။ အဆိုကို ဆွေးနွေးရန် လွှတ်တော်မှ လက်ခံသဘောတူပြီး နောက်ပိုင်း တင်သွင်းခဲ့သည့်အဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးခြင်း၊ ကန့်ကွက်ဆွေးနွေးခြင်းများကိုသာ အချက်အလက်အဖြစ်ကောက်ယူမှု ပြုပါသည်။

## ၁.၃.၅။ တင်သွင်းခဲ့သော အဆိုများနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်များကို အမျိုးအစားခွဲခြားခြင်း။

အဆိုများအပေါ် လွှတ်တော်၏ ဆုံးဖြတ်ချက်ချခြင်းနှင့် ပတ်သက်ပြီး အောက်ဖော်ပြပါအတိုင်း အခြေအနေ (၆) မျိုး ယေဘုယျ ပိုင်းခြားသတ်မှတ် လေ့လာထားပါသည်။

(၁) တင်သွင်းသူလွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင်က မိမိဆန္ဒအရကိုယ်တိုင်ရုတ်သိမ်းသည့်အဆို

(၂) အဆိုအား လွှတ်တော်တွင် ဆွေးနွေးရန် ဖတ်ကြားတင်သွင်းရာတွင် တက်ရောက်သည့်ကိုယ်စားလှယ် သုံးပုံတစ်ပုံနှင့်အထက် သဘောတူညီမှု မရှိသဖြင့်ပယ်ချခံရသည့်အဆို

(၃) လွှတ်တော်၏ သဘောတူညီမှုဖြင့် အတည်ပြုခြင်းခံရသည့်အဆို

(၄) လွှတ်တော်မှ အတည်ပြုရန် လက်ခံခြင်းမရှိသည့်အဆို

(၅) လွှတ်တော်မှ အတည်မပြုသော်လည်း အဆိုတင်သွင်းသူ၏ သဘောဆန္ဒအရ မှတ်တမ်းတင်ခြင်း ခံရသည့်အဆို

(၆) လွှတ်တော်တွင် ဆွေးနွေးရန် သဘောတူထားသော်လည်း ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့်အဆို - ဟူ၍ပိုင်းခြားသတ်မှတ်ပါသည်။

# အခန်း (၂)
# နောက်ခံအချက်အလက်များ

မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြင့် ဖွဲ့စည်းထားပြီး၊ ထိုလွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်ဟု ခေါ်တွင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးထားကြောင်း တွေ့ရှိရပါသည်။ ထိုလွှတ်တော်နှစ်ရပ်လုံးတွင် ပါဝင်သည့် ရွေးကောက်ခံကိုယ်စားလှယ်အရေအတွက်၏ သုံးပုံတစ်ပုံစီကို တပ်မတော်သားကိုယ်စားလှယ်များခန့်အပ်ထည့်သွင်းလိုက်ခြင်းအားဖြင့် ထိုလွှတ်တော်နှစ်ရပ်တွင် ရွေးကောက်ခံကိုယ်စားလှယ်များ၏အရေအတွက်မှာ (၇၅) ရာခိုင်နှုန်းစီသာကျန်ရှိတော့သည်။

## ၂.၁ ပြည်သူ့လွှတ်တော်

တစ်မြို့နယ်လျှင် တစ်ယောက်နှုန်းဖြင့် မြို့နယ်စုစုပေါင်း ၃၃၀ အတွက် လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦးနှင့် ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံသည် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအတွက် ၁၁၀ ဦး၊ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၄၀ ဦးရှိရမည်ဖြစ်သော်လည်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း ရှမ်းပြည်နယ်၌ပါဝင်သော ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်နှင့် မိုင်းလားမြို့နယ်တို့တွင် ရွေးကောက်ပွဲ မကျင်းပဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၅ နေရာ လစ်လပ်ခဲ့ပါသည်။ သို့အတွက် ပြည်သူ့လွှတ်တော်တွင် ရွေးကောက်မြောက်ခံကိုယ်စားလှယ် စုစုပေါင်းသည် ၃၂၅ ဦးသာ ရှိနေခဲ့သည်။ ထို့အတူပင် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလတွင်လည်း အဆိုပါ ၂၀၁၀ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာများကို ထည့်သွင်းကျင်းပမှု မပြုလုပ်ခဲ့သည့်အပြင် ကချင်ပြည်နယ်တွင်ပါဝင်သော မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်၊ ဗန်းမော်မြို့နယ်များတွင်လည်း ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်း မရှိခဲ့ပေ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ရွေးကောက်တင်မြောက်ခံကိုယ်စားလှယ်ဦးရေသည် အမှန်တကယ်ရှိရမည့် ၃၃၀ ဦးထက် လျော့နည်းနေပြီး ၂၀၁၄ခုနှစ်တွင် လွှတ်တော်

ကိုယ်စားလှယ်နေရာ ၁၀ နေရာ ထပ်မံ၍ လစ်လပ်သွားခဲ့ရပြီး၊ ထိုလစ်လပ်နေရာများအတွက် ၂၀၁၄ ကြားဖြတ်ရွေးကောက်ပွဲများကိုလည်း ထပ်မံကျင်းပပေးနိုင်ခဲ့ခြင်း မရှိခဲ့သည့်အတွက် ယခုအခါ ပြည်သူ့လွှတ်တော်တွင် ရွေးချယ်တင်မြှောက်ခံ ကိုယ်စားလှယ်ဦးရေသည် စုစုပေါင်း ၃၁၂ ဦးသာ ကျန်ရှိနေသည်ကိုလည်း လေ့လာ တွေ့ရှိခဲ့ပါသည်။

တပ်မတော်သား ကိုယ်စားလှယ်များကို ကာကွယ်ဦးစီးချုပ်မှ အမည်စာရင်းတင်သွင်း ခန့်အပ်ထားခဲ့ပြီး အမည်စာရင်း ပြောင်းလဲ၍ အစားထိုးခန့်အပ်မှုကို ၂၂ ကြိမ် ပြုလုပ်ခဲ့သော်လည်း တပ်မတော်သား ကိုယ်စားလှယ်ဦးရေမှာ ၁၁၀ ဦး အပြည့်အဝထားရှိနိုင်ခဲ့သည်ကိုလည်း တွေ့ရှိခဲ့ပါသည်။

## ၂.၂ အမျိုးသားလွှတ်တော်

ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုလျှင် ၁၂ ယောက်နှုန်းဖြင့် အညီအမျှစေလွှတ်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၆၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းအတွက် (၅၆) ဦး၊ စုစုပေါင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၂၄ ဦးဖြင့် ဖွဲ့စည်းထားရမည်ဖြစ်သော်လည်း ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကာလတွင် အမျိုးသားလွှတ်တော်၌ ရွေးကောက်ခံ ကိုယ်စားလှယ်နေရာ ၆ နေရာလစ်လပ်ခဲ့သည်ကို ရွေးကောက်ပွဲကျင်းပ၍ ပြန်လည်ဖြည့်စွက်နိုင်ခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် အမျိုးသားလွှတ်တော်၌ ရွေးကောက်ခံ ကိုယ်စားလှယ်နေရာ ၆ နေရာ ထပ်မံလစ်လပ်သွားခဲ့ပြီး ယခုအချိန်အထိ ပြန်လည်ဖြည့်စွက်နိုင်မှု မရှိခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၌ ရွေးကောက်ခံကိုယ်စားလှယ်နေရာသည် ၁၆၈ နေရာရှိရမည့်အစား ၁၆၂ နေရာသာ တည်ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ဖက်တွင် လေ့လာတွေ့ရှိခဲ့ရသည်မှာ တပ်မတော်သားကိုယ်စားလှယ်များကို ကာကွယ်ဦးစီးချုပ်၏ အမည်စာရင်းတင်သွင်းခန့်အပ်ထားခဲ့ပြီး အမည်စာရင်းပြောင်းလဲ၍ အစားထိုးခန့်အပ်မှုကို ၁၂ ကြိမ်ပြုလုပ်ခဲ့သော်လည်း တပ်မတော်သားကိုယ်စားလှယ်ဦးရေမှာ ၅၆ ဦး အပြည့်အဝ ထားရှိနိုင်ခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

## ၂.၃ ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦးနှင့်တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦး အပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၄၄၀ ဦး၊ အမျိုးသားလွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် ၁၆၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးအပါအဝင် စုစုပေါင်း ကိုယ်စားလှယ် ၂၂၄ ဦးတို့ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၄၉၈ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၁၆၆ ဦး၊ စုစုပေါင်း ၆၆၄ ဦးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း ပြည်ထောင်စုလွှတ်တော်၌ အမှန်တကယ်တွင် ရွေးကောက်ခံကိုယ်စားလှယ်ဦးရေသည် ၆၆၄ ဦးရှိရမည့်အစား ပြည်သူ့လွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် ၃၁၂ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးဖြင့် စုစုပေါင်း ၄၂၂ ဦးနှင့် အမျိုးသားလွှတ်တော်မှ ရွေးကောက်ခံကိုယ်စားလှယ် ၁၆၂ ဦးနှင့် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးဖြင့် စုစုပေါင်း ၂၁၈ ဦးပါဝင်ပြီး လွှတ်တော်ကိုယ်စားလှယ် ၆၄၀ ဦးဖြင့် ဖွဲ့စည်းထားသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

## ၂.၄ လွှတ်တော်ပြင်ပအခြေအနေများ

(၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး မတိုင်ခင်နှင့် အစည်းအဝေးကျင်းပနေစဉ်ကာလအတွင်း လွှတ်တော်ပြင်ပအခြေအနေများကို လေ့လာကြည့်ရာ နိုင်ငံတကာ မိုဘိုင်းအော်ပရေတာများက ဆင်းကဒ်များ စတင် ရောင်းချခြင်း၊ အာဆီယံထိပ်သီးအစည်းအဝေးကျင်းပခြင်း၊ အမျိုးသားပညာရေးဥပဒေကြမ်းကို ကန့်ကွက် ဆန္ဒပြခြင်း စသည့် ထင်ရှားသောအဖြစ်အပျက်များ ဖြစ်ပေါ်ခဲ့သော ကာလဖြစ်ကြောင်း တွေ့ရှိရပါသည်။

**မိုဘိုင်းအော်ပရေတာများ ဆင်းကဒ်များ စတင်ရောင်းချ**

နိုင်ငံတကာ မိုဘိုင်းအော်ပရေတာတစ်ခု ဖြစ်သော အူရီဒူးသည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့မှ စတင်ပြီး ဆင်းကဒ်များ စတင်ရောင်းချခဲ့ ပြီး၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် တယ်လီနောက ဆင်းကဒ်များ စတင်ရောင်းချခဲ့သည်။

**သဘာဝဘေးအန္တရာယ်များ**

ဩဂုတ်လအစောပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တို့ တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ နိုဝင်ဘာ ၆ ရက်နေ့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်မြို့ သမိုင်းလမ်းဆုံအနီးရှိ အိမ်ခြေတစ်ရာခန့် ထိခိုက်ပျက် ဆီးခဲ့သည်။

**ငြိမ်းချမ်းရေး**

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ် အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ ပဉ္စမအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့တွင် ဩဂုတ်လ ၁၅ ရက်နေ့မှ စတင်ကျင်းပခဲ့သည်။

စက်တင်ဘာ ၂၁ ရက်နေ့ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် ရန်ကုန်ရှိ မြို့နယ်များတွင် စစ်ပွဲများရပ်ရန်နှင့် ငြိမ်းချမ်းရေး ပြန်လည်ရရှိရန် စီတန်းလမ်းလျှောက်ပွဲများ ပြုလုပ်ခဲ့သည်။

**အမျိုးသားပညာရေးဥပဒေကြမ်းကို ကန့်ကွက်ဆန္ဒပြခြင်း**

လွှတ်တော်နှစ်ရပ်က အတည်ပြုထားသည့် အမျိုးသားပညာရေးဥပဒေကြမ်းကို ရန်ကုန်ရှိ တက္ကသိုလ်များမှ ကျောင်းသားအဖွဲ့အစည်းများ ကန့်ကွက်ဆန္ဒပြပွဲကို ဒဂုံတက္ကသိုလ်တွင် စက်တင်ဘာလ ၂ ရက်နေ့က ပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေးကော်မရှင် ဖျက်သိမ်းပေးရန်၊ အဆင့်မြင့်ပညာပေါင်းစပ် ညှိနှိုင်းကော်မတီကို မဖွဲ့စည်းရန်၊ ကျောင်းသားသမဂ္ဂများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရရှိရန်၊ အစိုးရ၊ လွှတ်တော်နှင့် (NNER) တွေ့ဆုံညှိနှိုင်းရန် တောင်းဆိုခဲ့ကြသည်။

စက်တင်ဘာ ၃၀ တွင် အမျိုးသားပညာရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုလိုက်သဖြင့် ရန်ကုန်တွင် ကျောင်းသားများ နိုဝင်ဘာ ၁၄ မှစတင် ဆန္ဒပြခဲ့ကြသည်။

**လယ်သိမ်းမြေသိမ်းဆန္ဒပြပွဲများ**

သိမ်းဆည်းထားသည့်လယ်မြေများ ပြန်လည် ရရှိရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် အသီးသီးမှ လယ်သမားတစ်ထောင်ခန့် မအူပင်မြို့တွင် ဩဂုတ်လ ၃၀ ရက်နေ့တွင် ဆန္ဒပြတောင်းဆိုရာ သိမ်းဆည်းခံထားရသော လယ်ယာမြေများ ပြန်လည် ရရှိရေး၊ လယ်ယာမြေဥပဒေများ ပြင်ဆင်ရေးဆွဲရေး လယ်ယာမြေသိမ်းဆည်းထားသူများကို အရေးယူ ပေးရေး၊ လယ်ယာမြေဆုံးရှုံးမှုကြောင့်ဘဝပျက်ခဲ့ရ သည့် လယ်သမားများကို လျော်ကြေး ပြန်လည်ပေး အပ်ရေး ၊ တောင်သူလယ်သမားအရေးကိစ္စရပ်များကို အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများမှ ဝိုင်းဝန်းဖြေရှင်းပေးရေးတို့ ပါဝင်ခဲ့သည်။

**မျိုးစောင့်ဥပဒေ**

အောက်တိုဘာ ၂၁ ရက်နေ့တွင် မျိုးစောင့် ဥပဒေဟု အများသိကြသည့် ဥပဒေ ၄ ခုကို အမြန် ပြဋ္ဌာန်းနိုင်ရေးအတွက် ရဟန်းသံဃာများ၊ သီလရှင်များ နှင့် လူကြီးလူငယ် တစ်ထောင်ခန့်ပါဝင်သောဆန္ဒပြပွဲ ကို ရွှေတိဂုံစေတီတော်တွင် ပြုလုပ်ခဲ့သည်။

**အာဆီယံထိပ်သီးအစည်းအဝေး**

နိုဝင်ဘာ ၁၂ ရက်နေ့ နေပြည်တော်တွင် အာဆီယံထိပ်သီး ဆွေးနွေးပွဲ ပြုလုပ်ခဲ့ပြီး အမေရိကန် သမ္မတ အိုဘားမား တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၁၃ ရက်နေ့ နေပြည်တော်တွင် ၉ ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး ပြုလုပ်ခဲ့သည်။

**အခြားထင်ရှားသော အဖြစ်အပျက်များ**

ဩဂုတ်လအတွင်း ရန်ကုန်မြစ်အတွင်း ဓမ္မစေတီခေါင်းလောင်း ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

## လွှတ်တော် ကျင်းပချိန်များ (၂၀၁၀ - ၂၀၁၄)

### ပထမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၂၃ မတ် ၂၀၁၁ ထိ (၁၄ ရက်)
အမျိုးသားလွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၂၃ မတ် ၂၀၁၁ ထိ (၁၄ ရက်)
ပြည်ထောင်စုလွှတ်တော် - ၃၁ ဇန်နဝါရီ ၂၀၁၁ မှ ၃၀ မတ် ၂၀၁၁ ထိ (၁၈ ရက်)

### ဒုတိယပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၂၄ နိုဝင်ဘာ ၂၀၁၁ ထိ (၅၁ ရက်)
အမျိုးသားလွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၁၆ နိုဝင်ဘာ ၂၀၁၁ ထိ (၄၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၂ ဩဂုတ် ၂၀၁၁ မှ ၂၅ နိုဝင်ဘာ ၂၀၁၁ ထိ (၆ ရက်)

### တတိယပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၂ မေ ၂၀၁၂ ထိ (၂၃ ရက်)
အမျိုးသားလွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၂ မေ ၂၀၁၂ ထိ (၂၁ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၆ ဇန်နဝါရီ ၂၀၁၂ မှ ၃၀ ဧပြီ ၂၀၁၂ ထိ (၂၉ ရက်)

### စတုတ္ထပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၆ စက်တင်ဘာ ၂၀၁၂ ထိ (၄၀ ရက်)
အမျိုးသားလွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၆ စက်တင်ဘာ ၂၀၁၂ ထိ (၄၀ ရက်)
ပြည်ထောင်စုလွှတ်တော် - ၄ ဇူလိုင် ၂၀၁၂ မှ ၇ စက်တင်ဘာ ၂၀၁၂ ထိ (၁၃ ရက်)

### ပဉ္စမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁၈ အောက်တိုဘာ ၂၀၁၂ မှ ၂၃ နိုဝင်ဘာ ၂၀၁၂ ထိ (၁၅ ရက်)
အမျိုးသားလွှတ်တော်-၁၈ အောက်တိုဘာ ၂၀၁၂ မှ ၂၃ နိုဝင်ဘာ ၂၀၁၂ ထိ (၁၅ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၂ အောက်တိုဘာ ၂၀၁၂ မှ ၂၂ နိုဝင်ဘာ ၂၀၁၂ ထိ (၉ ရက်)

### ဆဋ္ဌမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၉ ဇန်နဝါရီ ၂၀၁၃ မှ ၂၂ မတ် ၂၀၁၃ ထိ (၃၀ ရက်)
အမျိုးသားလွှတ်တော် - ၉ ဇန်နဝါရီ ၂၀၁၃ မှ ၂၂ မတ် ၂၀၁၃ ထိ (၃၂ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၀ ဇန်နဝါရီ ၂၀၁၃ မှ ၂၁ မတ် ၂၀၁၃ ထိ (၂၃ ရက်)

### သတ္တမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၅ ဇွန် ၂၀၁၃ မှ ၃၀ ဩဂုတ် ၂၀၁၃ ထိ (၂၈ ရက်)
အမျိုးသားလွှတ်တော် - ၂၅ ဇွန် ၂၀၁၃ မှ ၃၀ ဩဂုတ် ၂၀၁၃ ထိ (၂၈ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁ ဇူလိုင် ၂၀၁၃ မှ ၂၉ ဩဂုတ် ၂၀၁၃ ထိ (၁၈ ရက်)

### အဋ္ဌမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ ၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၂၂ ရက်)
အမျိုးသားလွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ ၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၁၈ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁ အောက်တိုဘာ ၂၀၁၃ မှ ၁၄ နိုဝင်ဘာ ၂၀၁၃ ထိ (၁၃ ရက်)

## နဝမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁၃ ဇန်နဝါရီ ၂၀၁၃ မှ
၂၆ မတ် ၂၀၁၃ ထိ (၂၉ ရက်)
အမျိုးသားလွှတ်တော် -၁၃ ဇန်နဝါရီ ၂၀၁၄ မှ
၂၆ မတ် ၂၀၁၄ ထိ (၂၉ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၃ ဇန်နဝါရီ ၂၀၁၄ မှ
၂၆ မတ် ၂၀၁၄ ထိ (၂၉ ရက်)

## ဒသမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၂၈ မေ ၂၀၁၄ မှ
၃၁ ဇူလိုင် ၂၀၁၄ ထိ (၄၇ ရက်)
အမျိုးသားလွှတ်တော် -၂၈ မေ ၂၀၁၄ မှ
၃၁ ဇူလိုင် ၂၀၁၄ ထိ (၄၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၂၈ မေ ၂၀၁၄ မှ
၁ ဩဂုတ် ၂၀၁၄ ထိ (၄၈ ရက်)

## ဧကဒသမပုံမှန်အစည်းအဝေး

ပြည်သူ့လွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၇ ရက်)
အမျိုးသားလွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၇ ရက်)
ပြည်ထောင်စုလွှတ်တော် - ၁၁ စက်တင်ဘာ ၂၀၁၄ မှ
၂၂ နိုဝင်ဘာ ၂၀၁၄ ထိ (၃၆ ရက်)

# အခန်း (၃)
# လွှတ်တော်လုပ်ငန်းများအား လေ့လာခြင်း

လွှတ်တော်များ၏ အဓိကလုပ်ငန်းတာဝန်များမှာ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးမှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ အဆိုပါတင်သွင်းလာသော ဥပဒေကြမ်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ဆုံးဖြတ်ပေးရခြင်း၊ အတည်ပြုပြဋ္ဌာန်းပေးရခြင်းစသည့် လုပ်ငန်းဆောင်တာများကိုဆောင်ရွက်ရခြင်းဖြစ်ပေသည်။

## ၃.၁ မေးခွန်းများကို လေ့လာခြင်း

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မေးခွန်းများမေးမြန်းခြင်းသည် အဓိကကျသည့် လုပ်ငန်းများထဲမှတစ်ခု ဖြစ်သည်။ လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကို တိုက်ရိုက်မေးမြန်းသည့် မေးခွန်းများကို ကြယ်ပွင့်ပြမေးခွန်းဟု ခေါ်ပြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို စာဖြင့်ရေးသားမေးခွန်းသည့် မေးခွန်းများကို ကြယ်ပွင့်မပြမေးခွန်းများဟု ခေါ်သည်။ ယခုအစီရင်ခံစာတွင် ကြယ်ပွင့်ပြမေးခွန်းများကို အဓိကလေ့လာထားသည်။

### ၃.၁.၁ ပြည်သူ့လွှတ်တော်တွင် မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်းများကိုလေ့လာခြင်း

ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးစတင်ကျင်းပခဲ့သည့် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်) မှ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) အထိ ၃၇ ရက်တာကာလများအတွင်းမေးမြန်းခဲ့သောမေးခွန်းစုစုပေါင်း ၁၇၁ ခုရှိခဲ့သည်ကို တွေ့ရပါသည်။ ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပနေသည့်ကာလများအတွင်း မေးခွန်းများမေးမြန်းမှု လုံးဝမရှိခဲ့သည့် အစည်းအဝေးရက် ၁ ရက်ရှိနေခဲ့သည်ကိုလည်းတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် မေးခွန်း မေးမြန်းခဲ့သည့် ရက်စုစုပေါင်းသည် ၃၆ ရက်ရှိနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ရက်လျှင် မေးမြန်းခဲ့သောမေးခွန်း

စုစုပေါင်းသည် (၄.၇) ခုခန့် မေးမြန်းခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။ ပြည်သူ့လွှတ်တော်၏ ပုံမှန် အစည်းအဝေးကာလများဖြစ်သော ပထမပုံမှန် အစည်း အဝေးကာလမှ ဒသမ ပုံမှန်အစည်းအဝေးကာလ များအထိ မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း ၁၇၈၅ ခု ရှိခဲ့ပါသည်။ ပုံမှန်အစည်းအဝေး ကျင်းပဖြစ်ခဲ့သော ရက်ပေါင်း ၂၉၃ ရက်ရှိခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှအား ဖြင့်မေးခွန်း (၆.၁) ခုခန့်မေးမြန်းခဲ့ကြသည်ကို လေ့လာ တွေ့ရှိခဲ့ရပါသည်။ ပုံမှန်အစည်းအဝေး (၁၁) ကြိမ် ကာလများအတွင်း တစ်ရက်တာမေးခွန်း မေးမြန်း ခဲ့မှုများအား နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခု (၁၁) ကြိမ် မြောက်ပုံမှန်အစည်းအဝေးအတွင်း မေးခွန်းမေးမြန်း ခဲ့မှုများသည် ယခင်မေးခွန်းမေးမြန်းခဲ့မှုများထက် မေးမြန်းနိုင်မှု လျော့နည်းသွားခဲ့သည်ကို တွေ့ရှိခဲ့ရ ပါသည်။




ပုံ ၃.၁။ ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပျမ်းမျှတစ်ရက်မေးခွန်းမေးမြန်းမှုနှင့် ပြည်သူ့လွှတ်တော်သက်တမ်းတစ်လျှောက် ပျမ်းမျှတစ်ရက်မေးခွန်းမေးမြန်းမှု။

## ပါတီအလိုက် မေးမြန်းမှု

ပါတီများအလိုက်လေ့လာမှုပြုခဲ့ရာတွင် USDPမှ မေးခွန်းအရေအတွက် ၁၀၂ ခုမေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၅၉.၆% ထိ မေးမြန်းခဲ့ပါသည်။ အကြောင်းအရာကဏ္ဍအားဖြင့် ကဏ္ဍ ၂၃ ခုအထိ ဝင်ရောက်မေးမြန်းခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါမေးမြန်းခဲ့မှုများထဲ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသော မေးခွန်းများ ကို ၁၆ ခုထိအများဆုံးမေးမြန်းသွားခဲ့သည်ကိုတွေ့ရ မည်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် ပညာရေးကဏ္ဍနှင့်ဆက် စပ်နေသောမေးခွန်း ၁၂ ခုကိုလည်း မေးမြန်းခဲ့ပါသည်။ တတိယအများဆုံးအနေဖြင့် ကျန်းမာရေးနှင့်ဝန်ဆောင်မှု ကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းသွားခဲ့ပါသည်။ အခြားသော အကြောင်းအရာကဏ္ဍ ၁၉ ခုနှင့် ဆက်စပ် နေသော မေးခွန်းများကိုလည်း ဝင်ရောက်မေးမြန်း သွားခဲ့ပြီး အဆိုပါကဏ္ဍ ၁၉ ခုအတွက် မေးခွန်းစုစုပေါင်း ၅၈ ခု ရှိနေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။


ယခင်ပုံမှန်အစည်းအဝေးများ (၁၀) ကြိမ်တာ ကာလအတွင်း တပ်မတော်သားလွှတ်တော်ကိုယ်စား လှယ်များမှ မေးခွန်းဝင်ရောက်မေးမြန်းခဲ့မှု အကြိမ်ရေ (၁) ကြိမ်သာ တွေ့ရှိခဲ့ရသော်လည်း ယခု (၁၁) ကြိမ်

| ပါတီ | မေးခွန်းအရေအတွက် |
|---|---|
| USDP | ၁၀၂ |
| တပ်မတော်သား | ၁၈ |
| NLD | ၁၅ |
| NDF | ၈ |
| SNDP | ၇ |
| MDP | ၅ |
| RNDP | ၅ |
| PDP | ၂ |
| NUP | ၂ |
| PNO | ၂ |
| CNP | ၁ |
| INDP | ၁ |
| UDP | ၁ |
| တစ်သီးပုဂ္ဂလ | ၁ |
| CDP | ၁ |
| စုစုပေါင်း | ၁၇၁ |

ဇယား ၃.၁။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု။

မြောက် ပုံမှန်အစည်းအဝေးကာလများတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းများကို ဒုတိယအများဆုံး မေးမြန်းခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါသည်။ ယခု (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင်လည်း မေးခွန်းအားလုံး၏ ၁၀.၅ % အထိ မေးမြန်းသွားခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများနှင့် ဆက်စပ်နေသော မေးခွန်းများကို အများဆုံး မေးမြန်းသွားခဲ့ပြီး စုစုပေါင်း အကြောင်းအရာကဏ္ဍအနေဖြင့် ကဏ္ဍ ၁၁ ခုအပေါ် အခြေခံ၍ မေးမြန်းသွားခဲ့ပါသည်။

တတိယအများဆုံးမေးမြန်းခဲ့သည့်ပါတီနှစ်ခုသည် NLD နှင့် NDF တို့ဖြစ်ပါသည်။ NLD မှ မေးခွန်းစုစုပေါင်း၏ ၈.၈% နှင့် NDF မှ မေးခွန်းစုစုပေါင်း၏ ၄.၇% စီဖြင့် အသီးသီးဝင်ရောက်မေးမြန်းသွားခဲ့ကြပါသည်။ NLD မှ အုပ်ချုပ်ရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို အများဆုံး မေးမြန်းသွားခဲ့ပြီး၊ ကျန်အကြောင်းအရာကဏ္ဍ ၇ ခု အပေါ်တွင်လည်း မေးခွန်းများ မေးမြန်းသွားခဲ့ပါသည်။ NDF မှ အကြောင်းအရာကဏ္ဍ ၈ ခုအပေါ်တွင်မေးခွန်းများမေးမြန်းသွားခဲ့ကြပါသည်။ ထို့အတူပင် SNDP မှလည်း အကြောင်းအရာကဏ္ဍ ၅ ခုအပေါ်တွင် မေးခွန်းများ မေးမြန်းသွားခဲ့ပြီး အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ကြပါသည်။ MDP မှလည်း အကြောင်းအရာကဏ္ဍ ၅ ခု အပေါ်တွင် မေးခွန်းများ မေးမြန်းသွားခဲ့ပြီး၊ RNDP အပါအဝင် ကျန်တိုင်းရင်းသားပါတီများမှ မေးခွန်းများ အသီးသီး မေးမြန်းခဲ့ကြပြီး ရာခိုင်နှုန်းအားဖြင့်မေးခွန်းစုစုပေါင်း၏၉.၄% ရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။




ပုံ ၃.၁။ ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းမှုအများဆုံး အကြောင်းရာများကို မေးခွန်းမေးမြန်းမှုအများဆုံး ပါတီများမှ မေးမြန်းမှု

## အကြောင်းအရာ/ကဏ္ဍအလိုက် မေးမြန်းမှု

အကြောင်းအရာကဏ္ဍအလိုက် မေးမြန်းခဲ့မှုများ နှင့် ရည်ရွယ်ချက်များကို နှိုင်းယှဉ် လေ့လာရာတွင်လည်း ကဏ္ဍအလိုက် မေးမြန်းခဲ့ရာ အကြောင်းအရာ ၂၅ ခုပေါ် အခြေခံ၍ မေးခွန်းများ မေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းခဲ့မှုများထဲ၌ အုပ်ချုပ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာများနှင့် ဆက်စပ်နေသော မေးခွန်းများကို အများဆုံး တွေ့ရမည်ဖြစ်ပြီး၊ မေးခွန်းစုစုပေါင်း၏ ၁၁.၁% အထိ မေးမြန်းခဲ့ကြပါသည်။ ဒုတိယအများဆုံးအနေဖြင့် ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်သောမေးခွန်းများဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၉.၉% နှင့် ၉.၄% အထိ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့အတူ ဝန်ဆောင်မှုကဏ္ဍနှင့် လူမှုရေးအထောက်အပံ့ စသည့်ကဏ္ဍများနှင့်ပတ်သက်၍ ၅.၈% စီဖြင့် တတိယအများဆုံး မေးမြန်းခဲ့ကြပါသည်။ အကြောင်းအရာ ကဏ္ဍများအလိုက် ကဏ္ဍ ၂၅ ခုအတွင်း မေးမြန်းခဲ့သော ယဉ်ကျေးမှု၊ အားကစား၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် သက်ဆိုင်သော မေးခွန်းများကိုမူ ယခု (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလ ရက်ပေါင်း ၃၇ ရက်အတွင်း တစ်ကြိမ်စီသာ မေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် မေးခွန်းအားလုံး၏ ၀.၆% သာရှိခဲ့သည်ကို လေ့လာ တွေ့ရှိခဲ့ရပါသည်။

| အကြောင်းအရာ | မေးခွန်း |
|---|---|
| အုပ်ချုပ်ရေး | ၁၉ |
| အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး | ၁၉ |
| ကျန်းမာရေး | ၁၇ |
| ပညာရေး | ၁၆ |
| ဝန်ဆောင်မှု | ၁၀ |
| လူမှုရေးအထောက်အပံ့ | ၁၀ |
| ဖွံ့ဖြိုးတိုးတက်မှု | ၉ |
| စွမ်းအင် | ၈ |
| စိုက်ပျိုးရေး | ၈ |
| နိုင်ငံရေး | ၇ |
| သယ်ယူပို့ဆောင်ရေး | ၆ |
| ဥပဒေပြုရေး | ၆ |
| ဘဏ္ဍာရေး | ၄ |
| မြေယာသိမ်းဆည်းမှု | ၄ |
| တိုင်းရင်းသားအရေး | ၄ |
| စီးပွားရေး | ၄ |
| အခွန်ကောက်ခံမှု | ၄ |
| သဘာဝပတ်ဝန်းကျင် | ၃ |
| အလုပ်သမားအရေး | ၃ |
| နိုင်ငံသားအခွင့်အရေး | ၃ |
| မြေယာအိုးအိမ် | ၂ |
| မွေးမြူရေး | ၂ |
| ယဉ်ကျေးမှု | ၁ |
| အားကစား | ၁ |
| ရင်းနှီးမြှုပ်နှံမှု | ၁ |
| စုစုပေါင်း | ၁၇၁ |

ဇယား ၃.၂။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းသည့် အကြောင်းအရာများ။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မေးမြန်းမှု

ပြည်နယ်၊ တိုင်းဒေသကြီးအလိုက်မေးခွန်းများ တင်သွင်းမေးမြန်းခဲ့ကြရာတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီးမှ မေးခွန်းအားလုံး၏ ၁၄% ထိ မေးမြန်းသွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးမှ မေးခွန်းစုစုပေါင်း၏ ၁၁.၁% ကိုလည်းကောင်း အသီးသီး မေးခွန်းများမေးမြန်း ခဲ့ကြပါသည်။ ထို့အတူ တပ်မတော်သားကိုယ်စားလှယ်များမှ မေးခွန်းစုစုပေါင်း၏ ၁၀.၅% ဖြင့် တတိယအများဆုံးမေးခွန်းများ မေးမြန်းသွားခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပြီး ကျန်ရှိနေသေးသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလည်း မေးခွန်းများတင်သွင်းမေးမြန်းခဲ့ရာ စုစုပေါင်းမေးခွန်း ၁၇၁ ခုတွင် ၆၄.၄% မေး

| တိုင်းဒေသကြီး/ပြည်နယ် | မေးခွန်း |
|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၄ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၉ |
| တပ်မတော်သား | ၁၈ |
| မန္တလေးတိုင်းဒေသကြီး | ၁၆ |
| ရှမ်းပြည်နယ် | ၁၅ |
| ဧရာဝတီတိုင်းဒေသကြီး | ၁၃ |
| ကချင်ပြည်နယ် | ၁၁ |
| ရခိုင်ပြည်နယ် | ၁၁ |
| မွန်ပြည်နယ် | ၁၀ |
| မကွေးတိုင်းဒေသကြီး | ၁၀ |
| ရခိုင်ပြည်နယ် | ၁၀ |
| ချင်းပြည်နယ် | ၅ |
| ကယားပြည်နယ် | ၃ |
| ကရင်ပြည်နယ် | ၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၃ |
| စုစုပေါင်း | ၁၇၁ |

ဇယား ၃.၃။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အကြောင်းအရာ/ကဏ္ဍအလိုက် မေးခွန်းမေးမြန်းမှု။

| ရည်ရွယ်ချက် | မေးခွန်း |
|---|---|
| အစိုးရအားထိန်းကျောင်းစိစစ်မှု | ၉၂ |
| ကိုယ်စားပြုမှု | ၇၄ |
| ဥပဒေပြုမှု | ၅ |
| စုစုပေါင်း | ၁၇၁ |

ဇယား ၃.၄။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ရည်ရွယ်ချက်အလိုက် မေးခွန်းမေးမြန်းမှု။

မြန်းခဲ့ကြပါသည်။ မန္တလေးတိုင်းဒေသကြီးမှ မေးမြန်းသွားခဲ့သော မေးခွန်းစုစုပေါင်း ၉.၄% ရှိခဲ့ပြီး ရှမ်းပြည်နယ်မှ ၈.၈% နှင့် ဧရာဝတီတိုင်းဒေသကြီးမှလည်း မေးခွန်း စုစုပေါင်း ၇.၆% စီ ရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ထိုသို့မေးမြန်းခဲ့ရာတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ၁.၈% စီဖြင့် မေးမြန်းသွားခဲ့ကြပြီး မေးခွန်းမေးမြန်းခဲ့မှုများတွင် ရာခိုင်နှုန်းအားဖြင့် အနည်းဆုံး ဖြစ်နေသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။

### ရည်ရွယ်ချက်အလိုက် မေးမြန်းမှု

အစိုးရများအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်၍ မေးမြန်းခဲ့သော မေးခွန်းများသည် ရာခိုင်နှုန်း အားဖြင့် ၅၃.၈% အထိ အမြင့်ဆုံး ရှိခဲ့ပါသည်။ မိမိတို့ ၏ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကိုယ်စားပြုမေးမြန်းခဲ့သည့် ရာခိုင်နှုန်းသည် ၄၃.၃% အထိရှိခဲ့ပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့မှုများသည် ၂.၉% ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် အနည်းဆုံး ဖြစ်နေသည်ကိုတွေ့မြင်ရမည်ဖြစ်သည်။

အကြောင်းအရာ ကဏ္ဍများတွင်မေးခွန်းအများဆုံးမေးမြန်းခဲ့သည့် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများတွင် အစိုးရအားထိန်းကျောင်းစိစစ်ရန် ရည်ရွယ်မေးမြန်းခဲ့သော မေးခွန်းအရေအတွက်သည် ပိုမိုများပြားနေသည်ကို တွေ့ရှိရပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောကဏ္ဍများတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီး မေးမြန်းခဲ့သော မေးခွန်း ၂ ခုသာရှိခဲ့ပြီး ကျန်ရှိနေသော အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် မေးခွန်းများသည် ကိုယ်စားပြုလိုသော ရည်ရွယ်ချက်ဖြင့် မေးမြန်းခဲ့သော မေးခွန်းများဖြစ်သည်။ ထို့အတူ အဆိုပါ အကြောင်းအရာ ကဏ္ဍများတွင် ဒုတိယအများဆုံး မေးခွန်းမေးမြန်းခဲ့သည့် ကျန်းမာရေးကဏ္ဍနှင့် သက်ဆိုင် သော မေးခွန်းများတွင်လည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီး မေးမြန်းခဲ့သည့် မေးခွန်း ၈ ခု ရှိခဲ့ပြီး၊ ကျန်ရှိနေသော မေးခွန်း ၉ ခုသည် ကိုယ်စားပြုမှုကို ရည်ရွယ်၍ မေးမြန်းခဲ့သည်ကို တွေ့ရပါသည်။ ၎င်းအပြင် ဒုတိယအများဆုံး မေးမြန်းခဲ့သော

ပညာရေး ကဏ္ဍတွင်လည်း အစိုးရအားထိန်းကျောင်း စိစစ်မှုကိုရည်ရွယ်ပြီး မေးမြန်းခဲ့သောမေးခွန်း ၆ ခု မေးမြန်းခဲ့ပြီး ကျန် ၁၀ ခုသည် ကိုယ်စားပြုလိုသော ရည်ရွယ်ချက်ဖြင့် မေးမြန်းခဲ့သော မေးခွန်းများဖြစ်နေသည်ကို တွေ့ရှိရ ပါသည်။

## မေးခွန်းများအလိုက် ရရှိသော တုံ့ပြန်မှုများ

ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်းခဲ့သော မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများမှ လာရောက်ဖြေဆိုရာတွင်လည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုအတွက် ရည်ရွယ်၍မေးမြန်းခဲ့သော မေးခွန်း ၉၂ ခုတွင် မရှင်းလင်းဘဲ တုံ့ပြန်ဖြေဆိုသွားခဲ့သည့် အဖြေ ၃၄ ခုရှိနေပြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားသွားခဲ့သော ဖြေဆိုမှုစုစုပေါင်း ၂၇ ခု၊ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေဆိုခဲ့မှု ၁၉ ခု ရှိခဲ့ပါသည်။ လတ်တလော ဆောင်ရွက်ပေးနိုင်မှုမရှိသေးပါဟု ငြင်းဆိုဖြေကြားသွားသည့် ဖြေဆိုမှု ၇ ခုနှင့် မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားခဲ့မှု ၅ ခုတို့ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သို့သော် သက်ဆိုင်ရာမဲဆန္ဒနယ်များအလိုက် ကိုယ်စားပြုတင်သွင်းမေးမြန်းခဲ့သော မေးခွန်းစုစုပေါင်းသည် ၇၄ ခုရှိပါသည်။ ထိုကဲ့သို့ ကိုယ်စားပြု မေးမြန်းခဲ့မှုများတွင် အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားသွားခဲ့မှုမှာ ၂၅ ခုရှိနေခဲ့ပါသည်။ မရှင်းလင်းသည့် တုံ့ပြန်ဖြေဆိုခဲ့မှု စုစုပေါင်း ၂၂ ခုရှိပြီး လတ်တလော ဆောင်ရွက်ပေးနိုင်မှုမရှိသေးသော ငြင်းဆိုဖြေကြားခဲ့သည့် ဖြေဆိုမှု စုစုပေါင်းသည် ၂၀ ခု ရှိနေခဲ့ပါသည်။ ဆောင်ရွက်ဆဲဟု ဖြေဆိုသွားသော ဖြေဆိုမှု ၆ ခုကိုလည်း တွေ့ရှိခဲ့ရပါသည်။

တစ်ဖက်တွင်လည်း ဥပဒေပြုမှုနှင့် သက်ဆိုင်သော မေးခွန်း ၅ ခုကို မေးမြန်းခဲ့ရာ အပြုသဘောဆောင်သည့် ပြန်လည်ဖြေကြားခဲ့မှု ၂ ခု၊ မရှင်းလင်းသည့်တုံ့ပြန်ဖြေဆိုခဲ့မှု ၂ ခု၊ သက်ဆိုင်ရာဝန်ကြီးဌာနများအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားသွားခဲ့သောဖြေဆိုမှု ၁ ခု ရှိနေခဲ့ပါသည်။

| တုံ့ပြန်မှု | မေးခွန်း |
|---|---|
| မရှင်းလင်း | ၅၈ |
| အပြုသဘော | ၄၆ |
| ဆောင်ရွက်ဆဲ | ၃၄ |
| ငြင်းဆို | ၂၈ |
| ရောပြွမ်း | ၅ |
| စုစုပေါင်း | ၁၇၁ |

ဇယား ၃.၅။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးခွန်းအလိုက် တုံ့ပြန်မှုများ။

ထိုကဲ့သို့တုံ့ပြန်ဖြေဆိုခဲ့မှုများအားလုံးကို ရာခိုင်နှုန်းအားဖြင့် ခြုံငုံလေ့လာရာတွင် အောက်ပါအတိုင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ မရှင်းလင်းသည့် တုံ့ပြန်ဖြေဆိုမှုစုစုပေါင်းသည် ၃၃.၉% အထိ အများဆုံး တုံ့ပြန်ဖြေကြားသွားခဲ့ပါသည်။ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေဆိုခဲ့မှုများသည် မေးခွန်းစုစုပေါင်း၏ ၂၆.၉% ရှိခဲ့ပြီး ဒုတိယအများဆုံး တုံ့ပြန်ဖြေကြားသွားမှုများအဖြစ် တွေ့ရှိခဲ့ရပါသည်။ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများနှင့် ဝန်ကြီးဌာနများအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားချက်သည်လည်း ၁၉.၉% ရှိခဲ့ပြီး၊ လတ်တလောဆောင်ရွက်ပေးနိုင်မှုမရှိသေးသော ငြင်းဆိုဖြေကြားခဲ့သည့် ဖြေဆိုမှုစုစုပေါင်းသည် ၁၆.၄% အထိရှိခဲ့ပါသည်။ ရောပြွမ်းတုံ့ပြန်သည့် ဖြေကြားမှုစုစုပေါင်းသည် ၂.၉% သာရှိခဲ့ပြီး တုံ့ပြန်ဖြေကြားခဲ့မှုများထဲတွင် ရာခိုင်နှုန်းအားဖြင့် အနည်းဆုံးဖြစ်နေသည်ကိုလည်း လေ့လာတွေ့ ရှိခဲ့ရပါသည်။

## ၃.၁.၂ အမျိုးသားလွှတ်တော်တွင် မေးမြန်းခဲ့သောမေးခွန်းများကိုလေ့လာခြင်း

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတင်ကျင်းပခဲ့သည့် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်) မှ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်) အထိ ၃၇ ရက်တာကာလများအတွင်း မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း ၁၅၆ ခု ရှိခဲ့သည်ကို တွေ့ရပါသည်။ မေးခွန်းများမေးမြန်းမှု လုံးဝမရှိခဲ့သည့်ရက်ပေါင်း ၅ ရက်တာ ရှိနေခဲ့သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် မေးခွန်းမေးမြန်းခဲ့သည့် ရက်စုစုပေါင်းသည် ၃၂ ရက်သာရှိနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ပုံမှန်အစည်းအဝေးတစ်ရက်လျှင် မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်းသည် (၄.၈) ခုနှင့် မေးမြန်း ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပေသည်။ အမျိုးသားလွှတ်တော်၏ ပုံမှန်အစည်းအဝေးကာလများဖြစ်သော ပထမ ပုံမှန်အစည်းအဝေးကာလမှ ဒသမ ပုံမှန်အစည်းအဝေးကာလများအထိ မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း ၁၂၀၆ ခုရှိခဲ့ပါသည်။ ပုံမှန်အစည်းအဝေးကျင်းပဖြစ်ခဲ့သော ရက်ပေါင်း ၂၇၆ ရက်ရှိခဲ့ပြီး တစ်ရက်လျှင် ပျမ်းမျှအားဖြင့် မေးခွန်း (၄.၃) ခုခန့် မေးမြန်းခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ပုံမှန်အစည်းအဝေး(၁၀) ကြိမ်တာ ကာလများအတွင်း တစ်ရက်တာ မေးခွန်းမေးခွန်းမေးမြန်းခဲ့မှုများအား နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခု (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးခွန်းမေးမြန်းခဲ့မှုများသည် ယခင်မေးခွန်းမေးမြန်းခဲ့မှုများထက် ပိုမိုမေးမြန်းနိုင်မှုရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။




ပုံ ၃.၃။ ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပျမ်းမျှတစ်ရက်မေးခွန်းမေးမြန်းမှုနှင့် အမျိုးသားလွှတ်တော်သက်တမ်းတစ်လျှောက် ပျမ်းမျှတစ်ရက်မေးခွန်းမေးမြန်းမှု။

### ပါတီအလိုက် မေးမြန်းမှု

ပါတီများအလိုက် လေ့လာမှုပြုခဲ့ရာတွင် USDPမှ မေးခွန်း အရေအတွက် ၉၄ ခု မေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၆၀.၃% ထိ မေးမြန်းခဲ့ပါသည်။ အကြောင်းအရာ ကဏ္ဍအားဖြင့် ကဏ္ဍ ၁၉ ခုအထိ ဝင်ရောက်မေးမြန်းခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါမေးမြန်းခဲ့မှုများထဲ၌ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသော မေးခွန်းများကို ၂၆ ခုထိ အများဆုံးမေးမြန်းသွားခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် ပညာရေးကဏ္ဍနှင့်ဆက်စပ်နေသောမေးခွန်း ၁၃ ခုကိုလည်း မေးမြန်းခဲ့ပါသည်။ တတိယအများဆုံးအနေဖြင့် ကျန်းမာရေးနှင့် လူမှုရေးအထောက်အပံ့ကဏ္ဍဆိုင်ရာ မေးခွန်းများကို မေးမြန်းသွားခဲ့ပါသည်။ ထို့အတူ အခြားသော အကြောင်းအရာကဏ္ဍ ၁၅ ခုနှင့် ဆက်စပ်နေသောမေးခွန်းများကိုလည်း ဝင်ရောက်မေးမြန်းသွားခဲ့ပြီး အဆိုပါကဏ္ဍ ၁၅ ခုအတွက် မေးခွန်း စုစုပေါင်း ၃၆ ခုရှိနေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခင်ပုံမှန်အစည်းအဝေးများ (၉) ကြိမ် ကာလအတွင်း တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များမှ မေးခွန်းဝင်ရောက်မေးမြန်းခဲ့မှု အကြိမ်ရေ (၁) ကြိမ်သာတွေ့ခဲ့ရသော်လည်းဒသမပုံမှန်အစည်းအဝေးကာလတွင် မေးခွန်း ၂၀ ခုမေးမြန်း သွားခဲ့ပြီး မေးခွန်းစုစုပေါင်း၏ ၉.၇% ဖြင့် ဒုတိယမြောက် မေးခွန်းအများဆုံးမေးမြန်းသွားခဲ့ပါသည်။ ယခု (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလ များတွင်လည်း မေးခွန်းများကို ဒုတိယအများဆုံး မေးမြန်းခဲ့သည်မှာ နိုင်ငံရေးပါတီများမှမဟုတ်ဘဲ ယခင် ဒသမပုံမှန်အစည်းအဝေးကျင်းပစဉ် လေ့လာတွေ့ရှိသကဲ့သို့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ယခု(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး


ကာလတွင်လည်း မေးခွန်းအားလုံး၏ ၉.၀% အထိ မေးမြန်းသွားခဲ့သည်ကိုတွေ့ရှိခဲ့ရပါသည်။ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာများကို အများဆုံး မေးမြန်းသွားခဲ့ပြီး စုစုပေါင်း အကြောင်းအရာ ကဏ္ဍအနေဖြင့် ကဏ္ဍ ၉ ခုအပေါ် အခြေခံ၍မေးမြန်းသွားခဲ့ပါသည်။

တတိယအများဆုံးမေးမြန်းခဲ့သည့်ပါတီ လေးခုသည် RNDP၊ CPP၊ SNDP နှင့် NDF တို့ဖြစ်ပါသည်။ RNDP မှ မေးခွန်းစုစုပေါင်း၏ ၆.၄% နှင့် CPP နှင့် SNDP တို့မှ မေးခွန်းစုစုပေါင်း၏ ၅.၁% စီဖြင့်လည်းကောင်း၊ NDF မှ မေးခွန်းစုစုပေါင်း၏ ၄.၅% ကိုလည်းကောင်း အသီးသီးဝင်ရောက်မေးမြန်းသွားခဲ့ကြပါသည်။ RNDP မှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ပြီး၊ ကျန်အကြောင်းအရာကဏ္ဍ ၁၀ ခုအပေါ်တွင် မေးခွန်းများ မေးမြန်းသွားခဲ့ပါသည်။ ချင်းတိုးတက်ရေးပါတီ (CPP)မှ အကြောင်းအရာကဏ္ဍ ၆ ခုအပေါ်တွင် မေးခွန်းများ မေးမြန်းသွားခဲ့ပြီး အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆိုင်ရာမေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ကြပါသည်။ ထို့အတူပင် SNDP မှလည်း အကြောင်းအရာကဏ္ဍ ၆ ခုအပေါ်တွင် မေးခွန်းများ မေးမြန်းသွားခဲ့ပြီး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ မေးခွန်းများကို အများဆုံးမေးမြန်းသွားခဲ့ကြပါသည်။ NDF မှလည်း အကြောင်းအရာကဏ္ဍ ၆ ခု အပေါ်တွင်မေးခွန်းများ မေးမြန်းသွားခဲ့ပြီး အုပ်ချုပ်ရေး

| ပါတီ | မေးခွန်းအရေအတွက် |
|---|---|
| USDP | ၉၄ |
| တပ်မတော်သား | ၁၄ |
| RNDP | ၁၀ |
| CPP | ၈ |
| SNDP | ၈ |
| NDF | ၇ |
| PSDP | ၄ |
| KPP | ၄ |
| NUP | ၂ |
| CNP | ၂ |
| WDP | ၂ |
| UDP | ၁ |
| စုစုပေါင်း | ၁၅၆ |

ဇယား ၃.၆။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပါတီအလိုက် မေးခွန်းမေးမြန်းမှု။

ကဏ္ဍဆိုင်ရာမေးခွန်းများကို အဓိကဦးစားပေးမေးမြန်းသွားခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ ကျန်တိုင်းရင်းသားပါတီများမှ မေးခွန်းများအသီးသီး မေးမြန်းခဲ့ကြသည်ကို တွေ့ရှိခဲ့ရသော်လည်း ရာခိုင်နှုန်းအားဖြင့် မေးခွန်းစုစုပေါင်း၏ ၉.၇% သာ ရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။




ပုံ ၃.၄။ အမျိုးသားလွှတ်တော် ၁၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းမှုအများဆုံး အကြောင်းရာများကို မေးခွန်းမေးမြန်းမှုအများဆုံး ပါတီများမှ မေးမြန်းမှု

## အကြောင်းအရာ/ကဏ္ဍအလိုက် မေးမြန်းမှု

အကြောင်းအရာ ကဏ္ဍအလိုက် မေးမြန်းခဲ့မှုများနှင့် ရည်ရွယ်ချက်များကို နှိုင်းယှဉ်လေ့လာရာတွင်လည်း အကြောင်းအရာ ကဏ္ဍအလိုက် မေးမြန်းခဲ့ရာ အကြောင်းအရာ ၂၂ ခုပေါ် အခြေခံ၍မေးခွန်းများ မေးမြန်းခဲ့ပါသည်။ အဆိုပါမေးမြန်းခဲ့မှုများထဲ၌ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်နေသော မေးခွန်းများကို အများဆုံးတွေ့ရမည်ဖြစ်ပြီး၊ မေးခွန်းစုစုပေါင်း၏ ၂၅.၆% အထိ မေးမြန်းခဲ့ကြပါသည်။ ဒုတိယအများဆုံးအနေဖြင့် ပညာရေးနှင့် ပတ်သက်သော မေးခွန်းများ ဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ၁၂.၈% အထိ ရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့အတူ လူမှုရေးအထောက်အပံ့၊ ကျန်းမာရေး စသည့် ကဏ္ဍများနှင့် ပတ်သက်၍ ၉.၆% နှင့် ၉.၀% တို့ဖြင့် တတိယအများဆုံး မေးမြန်းခဲ့မှုများအဖြစ်လည်း တွေ့ရှိရပေသည်။ အကြောင်းအရာ ကဏ္ဍများအလိုက် ကဏ္ဍ ၂၂ ခု အတွက် မေးမြန်းခဲ့သော မေးခွန်းစုစုပေါင်း ၁၅၆ ခု ရှိခဲ့ပြီး နိုင်ငံရေး၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများနှင့် သက်ဆိုင်သော မေး ခွန်းများကိုမူ ယခု (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလ ရက်ပေါင်း ၃၇ ရက်တာကာလအတွင်း တစ်ကြိမ်စီသာ မေးမြန်းခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် မေးခွန်းအားလုံး၏ ၀.၆%သာ ရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မေးမြန်းမှု

ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် မေးခွန်းများ တင်သွင်းမေးမြန်းခဲ့ကြရာတွင်လည်း ချင်းပြည်နယ်မှ မေးခွန်းအားလုံး၏ ၁၄.၇% ထိမေးမြန်းသွားခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးများမှ မေးခွန်းစုစုပေါင်း၏ ၁၂.၈% ကိုလည်းကောင်း အသီးသီးမေးမြန်းခဲ့ကြပါသည်။ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး နှင့် တပ်မတော်သားကိုယ်စားလှယ်များမှ မေးခွန်းစုစုပေါင်း၏ ၉.၀% ဖြင့်တတိယအများဆုံးမေးခွန်းများ မေးမြန်းသွားခဲ့သည်ကိုလည်း တွေ့ရှိရမည် ဖြစ်ပေသည်။ ကျန်ရှိနေသေးသောပြည်နယ်နှင့် တိုင်းဒေသကြီးများမှလည်း မေးခွန်းများ မေးမြန်းတင်သွင်းခဲ့ရာ စုစုပေါင်း

| အကြောင်းအရာ | မေးခွန်း |
|---|---|
| အခြေခံအဆောက်အအုံ | ၄၀ |
| ပညာရေး | ၂၀ |
| လူမှုရေးအထောက်အပံ့ | ၁၅ |
| ကျန်းမာရေး | ၁၄ |
| သဘာဝပတ်ဝန်းကျင် | ၈ |
| ဝန်ဆောင်မှု | ၈ |
| အုပ်ချုပ်ရေး | ၇ |
| စိုက်ပျိုးရေး | ၆ |
| ယဉ်ကျေးမှု | ၅ |
| စွမ်းအင် | ၄ |
| ရင်းနှီးမြုပ်နှံမှု | ၄ |
| စီးပွားရေး | ၄ |
| မြေယာအိုးအိမ် | ၃ |
| ဖွံ့ဖြိုးတိုးတက်မှု | ၃ |
| တရားစီရင်ရေး | ၃ |
| အားကစား | ၃ |
| ဘဏ္ဍာရေး | ၂ |
| မြေယာသိမ်းဆည်းမှု | ၂ |
| သယ်ယူပို့ဆောင်ရေး | ၂ |
| နိုင်ငံရေး | ၁ |
| နိုင်ငံသားအခွင့်အရေး | ၁ |
| မွေးမြူရေး | ၁ |
| စုစုပေါင်း | ၁၅၆ |

ဇယား ၃.၇။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းသည့် အကြောင်းအရာများ။

မေးခွန်း ၁၅၆ ခုတွင် ၄၅.၅% မေးမြန်းခဲ့ကြပါသည်။ ပဲခူးတိုင်းဒေသကြီးမှ မေးမြန်းသွားခဲ့သော မေးခွန်း စုစုပေါင်း ၈.၃ % ရှိခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးမှ ၇.၁% နှင့် ကချင်ပြည်နယ်မှလည်း မေးခွန်းစုစုပေါင်း ၆.၄% စီဖြင့် မေးခွန်းများ မေးမြန်းသွားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ရည်ရွယ်ချက်အလိုက် မေးမြန်းမှု

မေးမြန်းခဲ့သော မေးခွန်းများတွင် မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကိုယ်စားပြုမေးမြန်းခဲ့သည့်ရာခိုင်နှုန်းသည် ၇၁.၈% အထိရှိခဲ့ပါသည်။ အစိုးရအားထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်၍ မေးမြန်းခဲ့သော မေးခွန်းများသည် ရာခိုင်နှုန်းအားဖြင့် ၄၄.၀% အထိရှိခဲ့ပါသည်။ ဥပဒေပြုရေးနှင့်ပတ်သက်၍ မေးမြန်းခဲ့မှုများကိုမူ လုံးဝ မတွေ့ရှိခဲ့ရပေ။

အကြောင်းအရာ ကဏ္ဍများတွင် မေးခွန်းအများဆုံး မေးမြန်းခဲ့သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောကဏ္ဍများသည် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီး မေးမြန်းခဲ့သော မေးခွန်း ၂ ခုသာရှိခဲ့ပြီး ကျန်ရှိနေသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့်မေးခွန်းများသည် ကိုယ်စားပြုလိုသောရည်ရွယ်ချက်ဖြင့် မေးမြန်းခဲ့သော မေးခွန်းများဖြစ်ပေသည်။ ထို့အတူ အဆိုပါအကြောင်းအရာကဏ္ဍများတွင် ဒုတိယအများဆုံး မေးခွန်းမေးမြန်းခဲ့သည့် ပညာရေးကဏ္ဍနှင့်သက်ဆိုင်သောမေးခွန်းများတွင်လည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီးမေးမြန်းခဲ့သည့်မေးခွန်း ၃ ခုရှိခဲ့ပြီး၊ ကျန်ရှိနေသော ပညာရေး ကဏ္ဍဆိုင်ရာ မေးခွန်း ၁၇ ခုသည် ကိုယ်စားပြုမှုကို ရည်ရွယ်၍ မေးမြန်းခဲ့သည်ကို တွေ့ရပါသည်။ သို့သော်လည်း တတိယအများဆုံး မေးမြန်းခဲ့သော လူမှုရေးအထောက်အပံ့ကဏ္ဍတွင် အစိုးရအားထိန်းကျောင်းစိစစ်မှုကို ရည်ရွယ်ပြီး မေးမြန်းခဲ့သော မေးခွန်း ၉ ခုမေးမြန်းခဲ့ပြီး ကျန် ၆ ခုသည် ကိုယ်စားပြုလိုသော ရည်ရွယ်ချက်ဖြင့် မေးမြန်းခဲ့သောမေးခွန်းများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

| တိုင်းဒေသကြီး/ပြည်နယ် | မေးခွန်း |
|---|---|
| ချင်းပြည်နယ် | ၂၃ |
| ရန်ကုန်တိုင်းဒေသကြီး | ၂၀ |
| ရခိုင်ပြည်နယ် | ၁၄ |
| မကွေးတိုင်းဒေသကြီး | ၁၄ |
| တပ်မတော်သား | ၁၄ |
| ပဲခူးတိုင်းဒေသကြီး | ၁၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၁ |
| ကချင်ပြည်နယ် | ၁၀ |
| ကရင်ပြည်နယ် | ၈ |
| ရှမ်းပြည်နယ် | ၈ |
| မန္တလေးတိုင်းဒေသကြီး | ၇ |
| ဧရာဝတီတိုင်းဒေသကြီး | ၇ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၄ |
| ကယားပြည်နယ် | ၃ |
| စုစုပေါင်း | ၁၅၆ |

ဇယား ၃.၈။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မေးခွန်းမေးမြန်းမှု။

| ရည်ရွယ်ချက် | မေးခွန်း |
|---|---|
| ကိုယ်စားပြုမှု | ၁၁၂ |
| အစိုးရအားထိန်းကျောင်းစိစစ်မှု | ၄၄ |
| ဥပဒေပြုမှု | ၀ |
| စုစုပေါင်း | ၁၅၆ |

ဇယား ၃.၉။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် ရည်ရွယ်ချက်အလိုက် မေးခွန်းမေးမြန်းမှု။

### မေးခွန်းများအလိုက် ရရှိသော တုံ့ပြန်မှုများ

အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်းခဲ့သော မေးခွန်းများကို ပြည်ထောင်စုဝန်ကြီးဌာနများမှ လာရောက်ဖြေဆိုရာတွင်လည်း အစိုးရအား ထိန်းကျောင်းစိစစ်မှုအတွက် ရည်ရွယ်၍ မေးမြန်းခဲ့သော မေးခွန်း ၄၄ခုတွင် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားသွားခဲ့သောဖြေဆိုမှု စုစုပေါင်း ၁၆ ခု၊ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေဆိုခဲ့မှု ၁၀ ခု၊ မရှင်းလင်းသည့် တုံ့ပြန်မှု ၁၀ခုစီ ရှိနေပြီး၊ လတ်တလော ဆောင်ရွက်ပေးနိုင်မှု မရှိသေးပါဟု ငြင်းဆိုဖြေကြားသွားသည့် ဖြေဆိုမှု ၈ ခု တို့ကို တွေ့ရမည် ဖြစ်ပါသည်။

သို့သော် သက်ဆိုင်ရာမဲဆန္ဒနယ်များအလိုက် တင်သွင်းမေးမြန်းခဲ့သော မေးခွန်းစုစုပေါင်းသည် ၁၁၂ ခုရှိပါသည်။ ထိုကဲ့သို့ ကိုယ်စားပြု မေးမြန်းခဲ့မှုများတွင် လတ်တလော ဆောင်ရွက်ပေးနိုင်မှု မရှိသေးသော ငြင်းဆိုဖြေကြားခဲ့သည့် ဖြေဆိုမှုစုစုပေါင်းသည် ၄၄ခု ရှိနေခဲ့ပြီး၊ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေကြားသွားခဲ့မှုမှာ ၃၁ ခု ရှိနေခဲ့ပါသည်။ မရှင်းလင်းသည့် တုံ့ပြန်ဖြေဆိုခဲ့မှု စုစုပေါင်း ၂၀ ခုရှိပြီး ဆောင်ရွက်ဆဲဟု ဖြေဆိုသွားသော ဖြေဆိုမှု ၁၄ ခုနှင့် ရောပြွမ်း တုံ့ပြန်ဖြေဆိုခဲ့မှု ၃ ခုကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုကဲ့သို့ တုံ့ပြန်ဖြေဆိုခဲ့မှုများအားလုံးကို ရာခိုင်နှုန်းအားဖြင့် ခြုံငုံလေ့လာရာတွင် အောက်ပါအတိုင်းတွေ့မြင်ရမည် ဖြစ်ပါသည်။

| တုံ့ပြန်မှု | မေးခွန်း |
|---|---|
| ငြင်းဆို | ၅၂ |
| အပြုသဘော | ၄၁ |
| မရှင်းလင်း | ၃၀ |
| ဆောင်ရွက်ဆဲ | ၃၀ |
| ရောပြွမ်း | ၃ |
| စုစုပေါင်း | ၁၅၆ |

ဇယား ၃.၁၀။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် မေးခွန်းအလိုက် တုံ့ပြန်မှုများ။

လတ်တလောဆောင်ရွက်ပေးနိုင်မှု မရှိသေးသော ငြင်းဆိုဖြေကြားခဲ့သည့် ဖြေဆိုမှု စုစုပေါင်းသည် ၃၃.၃% အထိ အများဆုံး တုံ့ပြန်ဖြေကြားသွားခဲ့ပါသည်။ အပြုသဘောဆောင်သည့် တုံ့ပြန်ဖြေဆိုခဲ့မှုများသည် မေးခွန်းစုစုပေါင်း၏ ၂၆.၃% ရှိခဲ့ပြီး ဒုတိယအများဆုံး တုံ့ပြန်ဖြေကြားသွားမှုများအဖြစ် တွေ့ရှိခဲ့ရပါသည်။ မရှင်းလင်းသည့် တုံ့ပြန်ဖြေကြားချက်များမှာ ၁၉.၂% ရှိခဲ့ပြီး၊ သက်ဆိုင်ရာဌာနများအသီးသီးမှ ဆောင်ရွက်နေဆဲဟု တုံ့ပြန်ဖြေကြားချက်သည်လည်း ၁၉.၂% အထိရှိခဲ့ပါသည်။ ရောပြွမ်းတုံ့ပြန်သည့် ဖြေကြားမှုစုစုပေါင်းသည် ၁.၉% သာရှိခဲ့ပြီး တုံ့ပြန်ဖြေကြားခဲ့မှုများထဲတွင် ရာခိုင်နှုန်းအားဖြင့် အနည်းဆုံးဖြစ်နေသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၃.၂ အဆိုများကို လေ့လာခြင်း

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို တိုက်တွန်းရန် လိုအပ်သည့်အခါ လွှတ်တော်ကိုယ်စားလှယ်များက အဆိုများတင်သွင်းရသည်။ ထိုအဆိုများကို လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးသည့်အပြင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ သဘောထားအမြင်များကိုလည်း ရယူကာ အဆိုအတည်ပြုရန် သင့်မသင့် ဆုံးဖြတ်သည်။

### ၃.၂.၁ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း

ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း ၆ ခု ရှိခဲ့သည်။ ရက်ပေါင်း ၃၇ ရက် ကာလအတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှအဆို (၀.၂) ခုသာ တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ သို့သော် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း အဆိုတင်သွင်းမှု လုံးဝမတွေ့ရှိခဲ့ရသော ရက်ပေါင်း ၃၁ ရက်ရှိခဲ့ပါသည်။ ထိုသို့ အဆိုတင်သွင်းနိုင်ခဲ့မှုများကို တင်သွင်းခဲ့သော ပါတီများအလိုက် လေ့လာ ကြည့်ရာတွင် ပါတီ ၂ပါတီမှ အဆိုများတင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ USDP မှအဆို ၅ခု တင်သွင်းခဲ့ပြီး၊ NLD ပါတီမှ အဆို ၁ခု တင်သွင်းခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ များဖြစ်သော ရက်ပေါင်း ၃၇ ရက်အတွင်း ကျန်ပါတီများ မှ အဆိုတင်သွင်းခဲ့မှုများကိုမူ မတွေ့ရှိခဲ့ရပေ။

သို့သော် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလများအတွင်း တင်သွင်းခဲ့သော အဆိုများအားလုံးသည် ၎င်းအဆိုများနှင့် ပတ်သက်၍ ထောက်ခံသည့်သဘောဖြင့် ဝင်ရောက် ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များသော်လည်းကောင်း၊ ကန့်ကွက်သည့်သဘောဖြင့် ဝင်ရောက်ဆွေးနွေးခဲ့သော ကိုယ်စားလှယ်များသော်လည်းကောင်း၊ မရှိခဲ့ကြောင်းနှင့် အဆိုတင်သွင်းခဲ့သည့်နေ့၌ပင် လွှတ်တော်မှ အဆုံးအဖြတ်များ ရယူခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။




ပုံ ၃.၅။ ပြည်သူ့လွှတ်တော် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေးမှုရှိသည့်ရက်များ။

### အကြောင်းအရာ/ကဏ္ဍအလိုက် မေးမြန်းမှု

တင်သွင်းခဲ့သောအဆိုများကို တင်သွင်းသည့် အကြောင်းအရာ ကဏ္ဍအလိုက် ခွဲခြားကြည့်ရာတွင်လည်း အကြောင်းအရာ ကဏ္ဍ ၄ မျိုးနှင့် ဆက်စပ်၍ တင်သွင်းခဲ့သော အဆိုများဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံရေးကဏ္ဍနှင့်ဆက်စပ်နေသော အဆိုတင်သွင်းခဲ့မှုများကို ၅၀% အထိ အများဆုံး တွေ့မြင်ရမည်ဖြစ်ပြီး၊ ကျန်တင်သွင်းသွားခဲ့သော အဆိုများမှာ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများနှင့်ဆက်စပ်နေသော အဆိုများဖြစ်ပြီး အဆိုစုစုပေါင်း၏ ၁၆.၇% စီ ရှိခဲ့ကြောင်းကိုလည်း တွေ့ရပါသည်။

| အကြောင်းအရာ | အဆို |
|---|---|
| နိုင်ငံရေး | ၃ |
| စွမ်းအင် | ၁ |
| အခြေခံအဆောက်အအုံ | ၁ |
| စိုက်ပျိုးရေး | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၁။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းသည့် အကြောင်းအရာများ။

| တိုင်းဒေသကြီး/ပြည်နယ် | အဆို |
|---|---|
| ကချင် ပြည်နယ် | ၂ |
| ကရင် ပြည်နယ် | ၁ |
| ချင်း ပြည်နယ် | ၁ |
| ပဲခူး တိုင်းဒေသကြီး | ၁ |
| ရန်ကုန် တိုင်းဒေသကြီး | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၂။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု။

| ရည်ရွယ်ချက် | အဆို |
|---|---|
| အစိုးရအားထိန်းကျောင်းစိစစ်မှု | ၅ |
| ကိုယ်စားပြုမှု | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၃။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှု၊

| ဆုံးဖြတ်ချက် | အဆို |
|---|---|
| အတည်ပြုခြင်း | ၄ |
| မှတ်တမ်းတင်ထားရှိခြင်း | ၂ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၄။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆိုများအပေါ် ဆုံးဖြတ်ချက်များ။

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု

ကချင်ပြည်နယ်မှ အဆိုစုစုပေါင်း၏ ၃၃.၃% အထိ အဆိုတင်သွင်းခဲ့ပါသည်။ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ၁၆.၇% စီဖြင့် အသီးသီး အဆိုများ တင်သွင်းခဲ့ကြသည်ကို တွေ့ရှိရပြီး ကျန်ရှိနေသေးသော ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုတင်သွင်းမှု မရှိခဲ့သည်ကို လည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှု

အစိုးရအား ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်၍ တင်သွင်းခဲ့သောအဆိုစုစုပေါင်းသည် ရာခိုင်နှုန်းအား ဖြင့် ၈၃.၃% ရှိနေခဲ့ပါသည်။ ရာခိုင်နှုန်းအားလုံးကို USDP မှ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ကိုယ်စားပြုတင်သွင်းခဲ့သောအဆိုများသည် ရာခိုင်နှုန်းအားဖြင့် ၁၆.၇% ဖြစ်ပြီး NLD မှတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဥပဒေပြုရေးအတွက် အဆိုတင်သွင်းခဲ့မှုများကို လုံးဝ မတွေ့ရှိခဲ့ရပေ။

## ၃.၂.၂ အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့သော အဆို စုစုပေါင်း ၆ခု ရှိခဲ့ပါသည်။ ရက်ပေါင်း ၃၇ ရက်တာ ကာလအတွင်း ထိုအဆိုများကို တင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှအဆို (၀.၂) ခုသာ တင်သွင်းနိုင်ခဲ့ကြောင်းတွေ့ရသည်။ သို့သော် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလများ အတွင်းအဆိုတင်သွင်းမှုလုံးဝမတွေ့ရှိခဲ့သော ရက်ပေါင်း ၃၁ ရက်ရှိခဲ့ပါသည်။ ထိုသို့အဆိုတင်သွင်းနိုင်ခဲ့မှုများကို တင်သွင်းခဲ့သော ပါတီများအလိုက် လေ့လာကြည့်ရာတွင် ပါတီ ၂ ခုမှသာ အဆို များ တင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ အဆိုပါ ပါတီနှစ်ခုမှာ USDP၊ SNDP တို့ဖြစ်ပါသည်။ USDP မှအဆို ၅ ခုတင်သွင်းခဲ့ပြီး၊ SNDP မှ အဆို ၁ ခု တင်သွင်းခဲ့ပါသည်။ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလများဖြစ်သော ရက်ပေါင်း ၃၇ ရက်အတွင်း ကျန်ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကိုမူ မတွေ့ရှိခဲ့ရ ပေ။




ပုံ ၃.၆။ အမျိုးသားလွှတ်တော် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်း ဆွေးနွေးမှုရှိသည့်ရက်များ။

### အကြောင်းအရာ/ကဏ္ဍအလိုက် မေးမြန်းမှု

တင်သွင်းခဲ့သော အဆိုများကို တင်သွင်းသည့် အကြောင်းအရာ ကဏ္ဍအလိုက်ခွဲခြားကြည့်ရာတွင်လည်း အကြောင်းအရာ ၅ ခုအပေါ် အဆိုများ တင်သွင်းခဲ့ပြီး၊ လူမှုရေးအထောက်အပံ့နှင့် သက်ဆိုင်သော အဆိုများကိုအများဆုံး တွေ့မြင်ရမည်ဖြစ်ပြီး ကျန်ကဏ္ဍများ နှင့်ပတ်သက်၍ အဆိုတစ်ခုစီသာ တင်သွင်းနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု

ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် လေ့လာကြည့်ရာတွင် ဧရာဝတီတိုင်းဒေသကြီးမှ အဆိုစုစုပေါင်း၏ ၄၀.၀% အထိ အဆိုတင်သွင်းခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ၂၀.၀% စီနှင့် ပဲခူးတိုင်းဒေသကြီးမှ အဆိုစုစုပေါင်း၏ ၁၀.၀ % ဖြင့်အသီးသီးအဆိုများ တင်သွင်းခဲ့ကြသည်ကို တွေ့ရပါသည်။ ကျန်ရှိနေသော ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုတင်သွင်းမှုများကို မတွေ့ရှိခဲ့ပေ။

| အကြောင်းအရာ | အဆို |
|---|---|
| လူမှုရေးအထောက်အပံ့ | ၂ |
| ဝန်ဆောင်မှု | ၁ |
| တိုင်းရင်းသားအရေး | ၁ |
| ဥပဒေပြုရေး | ၁ |
| စီးပွားရေး | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၁။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းသည့် အကြောင်းအရာများ။

| တိုင်းဒေသကြီး/ပြည်နယ် | အဆို |
|---|---|
| မန္တလေးတိုင်းဒေသကြီး | ၂ |
| ကချင်ပြည်နယ် | ၁ |
| ကယားပြည်နယ် | ၁ |
| ရှမ်းပြည်နယ် | ၁ |
| မကွေးတိုင်းဒေသကြီး | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၂။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု။

| ဆုံးဖြတ်ချက် | အဆို |
|---|---|
| အတည်ပြုခြင်း | ၅ |
| ဆက်လက်ဆွေးနွေးရန် | ၁ |
| စုစုပေါင်း | ၆ |

ဇယား ၃.၁၃။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးတွင် အဆိုများအပေါ် ဆုံးဖြတ်ချက်များ။

## ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှု

အဆိုတင်သွင်းခဲ့မှုများသည် အစိုးရကိုထိန်းကျောင်းစိစစ်ရန် ရည်ရွယ်၍တင်သွင်းခဲ့သောအဆိုများသာ ဖြစ်နေသည်ကိုတွေ့ရှိခဲ့ရပြီး ထိုကဲ့သို့ အဆိုတင်သွင်းခဲ့ရာတွင် မိမိတို့၏ သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ကိုယ်စားပြုတင်သွင်းခဲ့သောအဆိုများနှင့် ဥပဒေပြုရေးအတွက် ရည်ရွယ်တင်သွင်းခဲ့သောအဆိုများကို လုံးဝ မတွေ့ရှိခဲ့ရပေ။ အဆိုများအားလုံး၏ ၈၃.၃% ကို လွှတ်တော်မှ အတည်ပြုခဲ့ပြီး ဆက်လက်ဆွေးနွေးရန် အဆိုတစ်ခု ကျန်ရှိနေသေးကြောင်းလည်း တွေ့ရှိခဲ့ရပြီး ထိုသို့ကျန်ရှိနေသည့် အဆိုမှာ USDP မှ တင်သွင်းခဲ့သော အဆိုဖြစ်ပါသည်။ ယခု (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလများအတွင်း အမျိုးသားလွှတ်တော်တွင် ဖေါ်ပြထားသော ပါတီနှစ်ခုမှ အဆိုတင်သွင်းမှုများကို တွေ့ရှိရပြီး ကျန်ရှိနေသော ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကို လုံးဝ မတွေ့ရှိရပေ။ သို့သော်လည်း ကျန်ရှိနေသော ပါတီများသည် တင်သွင်းသွားခဲ့သော အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးသွားကြသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၃.၂.၃ ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများကိုလေ့လာခြင်း

ပြည်ထောင်စု လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း ၁၀ ခုရှိခဲ့ပါသည်။ ရက်ပေါင်း ၃၆ ရက်တာကာလအတွင်း ထိုအဆိုများကိုတင်သွင်းခဲ့ခြင်းဖြစ်ရာ တစ်ရက်လျှင် ပျမ်းမျှအဆို (၀.၃) ခုသာ တင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရသည်။ သို့သော် ပြည်ထောင်စု လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလများအတွင်း အဆိုတင်သွင်းမှု လုံး၀ မတွေ့ရှိခဲ့ရသော ရက်ပေါင်း ၃၀ ရက်ရှိခဲ့ပါသည်။ ထိုသို့အဆိုတင်သွင်းနိုင်ခဲ့မှုများကို တင်သွင်းခဲ့သော ပါတီများအလိုက် လေ့လာကြည့်ရာတွင် ပါတီ ၃ ခုမှသာ အဆိုများ တင်သွင်းခဲ့ကြောင်း တွေ့ရပါသည်။ အဆိုပါ ပါတီ ၃ ခုမှာ USDP၊ NLD နှင့် NDF တို့ဖြစ်ပါသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကော်မတီမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အဆို (၁) ခုတင်သွင်းခဲ့ကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ USDP မှအဆို ၇ ခု တင်သွင်းခဲ့ပြီး၊ NLD နှင့် NDF တို့မှ အဆို ၁ ခုစီ တင်သွင်းခဲ့ပါသည်။ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလများဖြစ်သောရက်ပေါင်း ၃၆ ရက်အတွင်း ကျန်ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကိုမူ မတွေ့ရှိခဲ့ရပေ။




ပုံ ၃.၇။ ပြည်ထောင်စုလွှတ်တော် ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေးမှုရှိသည့်ရက်များ။

### အကြောင်းအရာ/ကဏ္ဍအလိုက် မေးမြန်းမှု

အကြောင်းအရာ ၄ ခုအပေါ် အဆိုများ တင်သွင်းခဲ့ပြီး၊ နိုင်ငံရေး၊ လူမှုရေးအထောက်အပံ့နှင့် သက်ဆိုင်သောအဆိုများကို အများဆုံး တွေ့မြင်ရမည်ဖြစ်သည်။ အလုပ်သမားအရေး၊ ဥပဒေပြုရေးတို့ နှင့် ပတ်သက်သောကဏ္ဍများတွင် အဆိုတစ်ခုစီသာတင်သွင်းနိုင်ခဲ့သည်ကို တွေ့ရမည် ဖြစ်ပါသည်။

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု

ပြည်နယ်၊ တိုင်းဒေသကြီးများအလိုက် လေ့ လာကြည့်ရာတွင်လည်း မန္တလေးတိုင်းဒေသကြီးမှ အဆိုစုစုပေါင်း၏ ၃၃.၃% အထိ အဆိုတင်သွင်းခဲ့ပါသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးမှ ၁၆.၇% စီဖြင့်အသီးသီး အဆိုတင်သွင်းခဲ့ကြသည်ကို တွေ့ရပါသည်။ ကျန်ရှိနေသေးသော ပြည်နယ်၊ တိုင်းဒေသကြီးများမှ အဆိုတင်သွင်းမှုမရှိခဲ့သည်ကိုလည်း လေ့လာ တွေ့ရှိခဲ့ရပါသည်။

| ဆုံးဖြတ်ချက် | အဆို |
|---|---|
| USDP | ၇ |
| NLD | ၁ |
| NDF | ၁ |
| ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးကော်မတီ | ၁ |
| စုစုပေါင်း | ၁၀ |

ဇယား ၃.၁၄။ ၁၁ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေးတွင် ပါတီအလိုက် အဆိုတင်သွင်းမှု၊

| အကြောင်းအရာ | အဆို |
|---|---|
| နိုင်ငံရေး | ၄ |
| လူမှုရေးအထောက်အပံ့ | ၄ |
| အလုပ်သမားအရေး | ၁ |
| ဥပဒေပြုရေး | ၁ |
| စုစုပေါင်း | ၁၀ |

ဇယား ၃.၁၁။ ၁၁ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းသည့် အကြောင်းအရာများ။

| တိုင်းဒေသကြီး/ပြည်နယ် | အဆို |
|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ၄ |
| မန္တလေးတိုင်းဒေသကြီး | ၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၂ |
| ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကော်မတီ | ၁ |
| ပဲခူးတိုင်းဒေသကြီး | ၁ |
| စုစုပေါင်း | ၁၀ |

ဇယား ၃.၁၂။ ၁၁ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆိုတင်သွင်းမှု။

## ရည်ရွယ်ချက်အလိုက် အဆိုတင်သွင်းမှု

အဆိုတင်သွင်းခဲ့မှုများသည် အစိုးရကို ထိန်းကျောင်းစိစစ်ရန် ရည်ရွယ်၍ တင်သွင်းခဲ့သော အဆိုများသာ အများဆုံးဖြစ်နေသည်ကို တွေ့ရှိခဲ့ရပြီး ဥပဒေပြုရေးအတွက် ရည်ရွယ်တင်သွင်းခဲ့သော အဆိုတစ်ခုကို တွေ့ရှိခဲ့ရပါသည်။ ထို့ကဲ့သို့ အဆိုများတင်သွင်းခဲ့ရာတွင် မိမိတို့၏သက်ဆိုင်ရာ မဲဆန္ဒနယ်များအတွက် ကိုယ်စားပြုတင်သွင်းခဲ့သော အဆိုများကို လုံးဝမတွေ့ရှိခဲ့ရပေ။ အဆိုများအားလုံးကို လွှတ်တော်မှ အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်တွင် ဖော်ပြထားသော ပါတီသုံးခုမှ အဆိုတင်သွင်းမှုများကို တွေ့ရှိရပြီး ကျန်ရှိနေသော ပါတီများမှ အဆိုတင်သွင်းခဲ့မှုများကို လုံးဝမတွေ့ရှိရပေ။

## ၃.၃ လွှတ်တော်၏ ဥပဒေကြမ်းဆွေးနွေးအတည်ပြုမှု

လွှတ်တော်သည် ဥပဒေပြုရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဥပဒေကြမ်းများကို တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေကြမ်းတစ်ခုကို လွှတ်တော်နှစ်ရပ် ဆွေးနွေး၍ ဥပဒေတစ်ရပ်ချင်းစီတွင် အတည်ပြုခြင်း၊ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ရပါသည်။

### ၃.၃.၁ ပြည်သူ့လွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁ | မြန်မာ့လေကြောင်းဥပဒေကြမ်း | ၂၂-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂ | စစ်ဘက်ရာထူးနှင့် အဆင့် အခေါ် အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၃-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၃ | ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၅-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၄ | လျှပ်စစ်ဥပဒေကြမ်း | ၂၆- စက်တင်ဘာ -၂၀၁၄ | အတည်ပြုခြင်း** |
| ၅ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း | ၂၉- စက်တင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၆ | ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တက်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၇ | တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂- အောက်တိုဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၈ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်း | ၁၃- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၉ | ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ၁၄- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၀ | မြန်မာ့ကမ်း ရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း | ၁၆- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၁ | ယှဉ်ပြိုင်မှုဥပဒေကြမ်း | ၂၉- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၂ | ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရလူနာများ အချိန်မီဆေးကုသနိုင်ရေး အတွက် ကူညီစောင့်ရှောက်ရေး ဥပဒေကြမ်း | ၃၀- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း** |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁၃ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၀- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၄ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း | ၁၀- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၅ | ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့်တောင်းဆိုခြင်း(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်း သည့်ဥပဒေကြမ်း | ၁၁- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၆ | ပြည်ထောင်စု၏ ဘဏ္ဍာငွေအရသုံး ရေးဆွဲတင်ပြခြင်း ဆိုင်ရာ ဥပဒေကြမ်း | ၁၁- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၇ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၁၈ | ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၁၉ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၀ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၁ | နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၂၂ | ၂၀၀၈ ခုနှစ် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်း | ၂၄-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၂၃ | မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၆-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၂၄ | ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၅ | ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | လွှတ်တော်နှစ်ရပ် အတည်ပြုခြင်း |
| ၂၆ | ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | လွှတ်တော်နှစ်ရပ် အတည်ပြုခြင်း |

ဇယား ၃.၁၃။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းအတည်ပြုမှု၊

အတည်ပြုခြင်း* - အမျိုးသားလွှတ်တော်မှ ပေးပို့လာသော ဥပဒေကြမ်းများကို အတည်ပြုခြင်းဖြစ်သည်။
အတည်ပြုခြင်း**- အမျိုးသားလွှတ်တော်မှပေးပို့လာသောဥပဒေကြမ်းများကို အတည်ပြုရာတွင်သဘောထား ကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရသော ဥပဒေကြမ်းများဖြစ်သည်။

### ၃.၃.၂ အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁ | ၁၉၆၀ ပြည့်နှစ်၊ ကျေးလက်စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုရန်ပုံငွေ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ၂၃-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၂ | နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၄-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၃ | ဥပဒေ ဘာသာပြန် ကော်မရှင်ဥပဒေကြမ်း | ၁၃-အောက်တိုဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၄ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း | ၁၄-အောက်တိုဘာ-၂၀၁၄ | အတည်ပြုခြင်း |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၅ | ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း ကိုပြင်ဆင်သည့် ဥပဒေကြမ်း | ၁၅-အောက်တိုဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၆ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၅- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၇ | မြန်မာသတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၆- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၈ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်း | ၁၆- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၉ | ၁၉၄၇ ခုနှစ်၊ အမိန့်ထုတ်ဆင့် တောင်းဆိုခြင်း (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ၂၀- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၀ | တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၁- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၁ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၂- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၂ | မြန်မာ့လေကြောင်း ဥပဒေကြမ်း | ၂၈- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၃ | မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၈- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၄ | တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း | ၁၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၅ | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဥပဒေကြမ်း | ၂၀- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၆ | ယှဉ်ပြိုင်မှု ဥပဒေကြမ်း | ၂၄- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း* |
| ၁၇ | စုပေါင်း အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း | ၂၄- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၁၈ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၄- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁၉ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၅- နိုဝင်ဘာ -၂၀၁၄ | လွှတ်တော်နှစ်ရပ် အတည်ပြုခြင်း |
| ၂၀ | ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်း | ၂၅-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၁ | သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၅-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၂၂ | ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၅-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၂၃ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၄ | ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း* |
| ၂၅ | မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |

ဇယား ၃.၁၄။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းအတည်ပြုမှု၊
အတည်ပြုခြင်း* - ပြည်သူ့လွှတ်တော်မှ ပေးပို့လာသော ဥပဒေကြမ်းများကို အတည်ပြုခြင်းဖြစ်သည်။
အတည်ပြုခြင်း**- ပြည်သူ့လွှတ်တော်မှပေးပို့လာသောဥပဒေကြမ်းများကို အတည်ပြုရာတွင်သဘောထား ကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရသော ဥပဒေကြမ်းများဖြစ်သည်။

### ၃.၃.၃ ပြည်ထောင်စုလွှတ်တော်၏ ဥပဒေကြမ်းဆောင်ရွက်ပြီးစီးမှု

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၂- စက်တင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၂ | နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၂-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၃ | မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်း | ၂၂-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၄ | အမျိုးသားပညာရေးဥပဒေကြမ်း | ၂၆-စက်တင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၅ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၄) | ၂၀- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၆ | လျှပ်စစ်ဥပဒေကြမ်း | ၂၀- အောက်တိုဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၇ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၁- နိုဝင်ဘာ -၂၀၁၄ | အတည်ပြုခြင်း |
| ၈ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၁၂-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၉ | ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက် ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း | ၁၂-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၀ | မြန်မာလေကြောင်းဥပဒေကြမ်း | ၁၄-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၁ | ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသ နိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း | ၁၄-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၂ | ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ်လူနာကိုကူညီ စောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၃ | မြန်မာအမျိုးသားလေကြောင်းဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၄ | ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း | ၂၇-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |
| ၁၅ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ၂၈-နိုဝင်ဘာ-၂၀၁၄ | အတည်ပြုခြင်း |

ဇယား ၃.၁၅။ ၁၁ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းအတည်ပြုမှု၊

## ၃.၄ ကော်မတီအစီရင်ခံစာများ

လွှတ်တော်ကော်မတီများသည် လွှတ်တော်များ၏ အရေးပါသော အစိတ်အပိုင်းများဖြစ်သည်။ ကော်မတီများကို အမြဲတမ်းကော်မတီ လေးခုနှင့် ရေးရာကော်မတီများအဖြစ် ခွဲခြားထားသည်။ အမြဲတမ်းကော်မတီများတွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် လုပ်ဆောင်ချက်များ စိစစ်ရေးကော်မတီ တို့ပါဝင်သည်။ ဥပဒေကြမ်းကော်မတီသည် လွှတ်တော်တွင် ဆွေးနွေးသည့် ဥပဒေကြမ်းတိုင်းကို သုံးသပ်၍ အစီရင်ခံစာ တင်ရပြီး၊ ပြည်သူ့ငွေစာရင်းကော်မတီသည် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ ဥပဒေကြမ်းများနှင့် စာရင်းစစ်ချုပ် အစီရင်ခံစာများအပေါ် သုံးသပ်ချက် အစီရင်ခံစာ တင်သွင်းရသည်။ ရေးရာကော်မတီများကို လွှတ်တော် အသီးသီးတွင် အကြောင်းအရာ ကဏ္ဍအလိုက် ဖွဲ့စည်းထားပြီး သက်တမ်းနှင့် လုပ်ငန်းတာဝန်များ ကန့်သတ်ပေးထားသည်။ ၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ရေးရာကော်မတီနှစ်ရပ်က အစီရင်ခံစာများ တင်သွင်းခဲ့သည်။

| တင်သွင်းသည့်ရက်စွဲ | တင်သွင်းသည့်လွှတ်တော် | ရေးရာကော်မတီ |
|---|---|---|
| ၂၆- စက်တင်ဘာ -၂၀၁၄ | ပြည်သူ့လွှတ်တော် | အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ |
| ၃၀- စက်တင်ဘာ -၂၀၁၄ | ပြည်သူ့လွှတ်တော် | တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးကော်မတီ |

ဇယား ၃.၁၆။ ၁၁ ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးတွင် ရေးရာကော်မတီများ အစီရင်ခံစာတင်သွင်းမှု၊

## ၃.၅ လွှတ်တော်ကိုယ်စားလှယ်များ၏ အစည်းအဝေးပျက်ကွက်မှုများ

လွှတ်တော် ပုံမှန်အစည်းအဝေးများအတွင်း အစည်းအဝေးတက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ဦးရေသည် ပြည်သူ့လွှတ်တော်တွင် တပ်မတော်သား ကိုယ်စားလှယ်များအပါအဝင် (၄၂၁)ဦး၊ (မှတ်ချက်၊ မကွေးတိုင်းဒေသကြီး မကွေးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းသည် ၅၊ စက်တင် ဘာလ ၂၀၁၅တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည့် အတွက် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင်မကွေးတိုင်းဒေသကြီးမှတက်ရောက် ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် (၂၃)အစား (၂၂) ဦးသာ တက်ရောက်နိုင်ခဲ့သည့်အတွက်ဖြစ်ပါသည်။) အမျိုးသားလွှတ်တော်တွင်လည်း တပ်မတော်သား ကိုယ်စားလှယ်များအပါအဝင်အစည်းအဝေးတက်ရောက် ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ (၂၁၈) ဦး ရှိနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်ပေါင်း ကိုယ် စားလှယ်စုစုပေါင်း (၆၃၉) ဦးရှိနေခဲ့ပါသည်။ သို့သော် ပုံမှန်အစည်းအဝေးကာလများအတွင်း ခွင့်တိုင်ကြား ထားသောကိုယ်စားလှယ်များစာရင်းကို ဇယားများဖြင့် ထည့်သွင်း ဖော်ပြသွားမည်ဖြစ်ပါသည်။

| တိုင်းဒေသကြီး/ပြည်နယ် | ကိုယ်စားလှယ် |
|---|---|
| ကချင်ပြည်နယ် | (၁၅) ဦး |
| ကယားပြည်နယ် | (၇) ဦး |
| ကရင်ပြည်နယ် | (၇) ဦး |
| ချင်းပြည်နယ် | (၈) ဦး |
| စစ်ကိုင်းတိုင်းဒေသကြီး | (၃၇) ဦး |
| တနင်္သာရီတိုင်းဒေသကြီး | (၁၀) ဦး |
| ပဲခူးတိုင်းဒေသကြီး | (၂၈) ဦး |
| မကွေးတိုင်းဒေသကြီး | (၂၂) ဦး |
| မန္တလေးတိုင်းဒေသကြီး | (၃၆) ဦး |
| မွန်ပြည်နယ် | (၁၀) ဦး |
| ရခိုင်ပြည်နယ် | (၁၆) ဦး |
| ရန်ကုန်တိုင်းဒေသကြီး | (၄၁) ဦး |
| ရှမ်းပြည်နယ် | (၄၉) ဦး |
| ဧရာဝတီတိုင်းဒေသကြီး | (၂၅) ဦး |
| တပ်မတော်သား | (၁၁၀) ဦး |
| စုစုပေါင်း | (၄၂၁) ဦး |

ဇယား ၃.၁၇။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ။

| တိုင်းဒေသကြီး/ပြည်နယ် | ကိုယ်စားလှယ် |
|---|---|
| ကချင်ပြည်နယ် | (၁၂) ဦး |
| ကယားပြည်နယ် | (၁၂) ဦး |
| ကရင်ပြည်နယ် | (၁၂) ဦး |
| ချင်းပြည်နယ် | (၁၁) ဦး |
| စစ်ကိုင်းတိုင်းဒေသကြီး | (၁၁) ဦး |
| တနင်္သာရီတိုင်းဒေသကြီး | (၁၁) ဦး |
| ပဲခူးတိုင်းဒေသကြီး | (၁၂) ဦး |
| မကွေးတိုင်းဒေသကြီး | (၁၂) ဦး |
| မန္တလေးတိုင်းဒေသကြီး | (၁၂) ဦး |
| မွန်ပြည်နယ် | (၁၁) ဦး |
| ရခိုင်ပြည်နယ် | (၁၁) ဦး |
| ရန်ကုန်တိုင်းဒေသကြီး | (၁၁) ဦး |
| ရှမ်းပြည်နယ် | (၁၂) ဦး |
| ဧရာဝတီတိုင်းဒေသကြီး | (၁၂) ဦး |
| တပ်မတော်သား | (၅၆) ဦး |
| စုစုပေါင်း | (၂၁၈) ဦး |

ဇယား ၃.၁၈။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ။

## ပြည်သူ့လွှတ်တော်

| စဉ် | အစည်းအဝေးရက် | ခွင့်ဖြင့်ပျက်ကွက် |
|---|---|---|
| ၁။ | ပထမနေ့ | ၉ % |
| ၂။ | ဒုတိယနေ့ | ၂.၆ % |
| ၃။ | တတိယနေ့ | ၁၀.၉ % |
| ၄။ | စတုတ္ထနေ့ | ၁၀.၉ % |
| ၅။ | ပဥ္စမနေ့ | ၁၃.၃ % |
| ၆။ | ဆဋ္ဌမနေ့ | ၁၆.၄ % |
| ၇။ | သတ္တမနေ့ | ၁၄.၃ % |
| ၈။ | အဋ္ဌမနေ့ | ၁၄.၇ % |
| ၉။ | နဝမနေ့ | ၁၅ % |
| ၁၀။ | ဒသမနေ့ | ၁၅.၉ % |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၁၅.၇ % |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၁၂.၁ % |
| ၁၃။ | ၁၃ ရက်မြောက်နေ့ | ၁၄.၅ % |
| ၁၄။ | ၁၄ ရက်မြောက်နေ့ | ၁၅.၉ % |
| ၁၅။ | ၁၅ ရက်မြောက်နေ့ | ၂၂.၈ % |
| ၁၆။ | ၁၆ ရက်မြောက်နေ့ | ၁၉.၇ % |
| ၁၇။ | ၁၇ ရက်မြောက်နေ့ | ၁၈.၃ % |
| ၁၈။ | ၁၈ ရက်မြောက်နေ့ | ၂၁.၄ % |
| ၁၉။ | ၁၉ ရက်မြောက်နေ့ | ၂၁.၄ % |
| ၂၀။ | ၂၀ ရက်မြောက်နေ့ | ၁၉.၉ % |
| ၂၁။ | ၂၁ ရက်မြောက်နေ့ | ၁၇.၆ % |
| ၂၂။ | ၂၂ ရက်မြောက်နေ့ | ၁၈.၈ % |
| ၂၃။ | ၂၃ ရက်မြောက်နေ့ | ၁၃.၃ % |
| ၂၄။ | ၂၄ ရက်မြောက်နေ့ | ၁၂.၈ % |
| ၂၅။ | ၂၅ ရက်မြောက်နေ့ | ၁၅.၂ % |
| ၂၆။ | ၂၆ ရက်မြောက်နေ့ | ၁၅.၇ % |
| ၂၇။ | ၂၇ ရက်မြောက်နေ့ | ၂၀.၇ % |
| ၂၈။ | ၂၈ ရက်မြောက်နေ့ | ၁၇.၃ % |
| ၂၉။ | ၂၉ ရက်မြောက်နေ့ | ၁၅.၂ % |
| ၃၀။ | ၃၀ ရက်မြောက်နေ့ | ၁၅.၂ % |
| ၃၁။ | ၃၁ ရက်မြောက်နေ့ | ၁၈.၃ % |
| ၃၂။ | ၃၂ ရက်မြောက်နေ့ | ၂၃ % |
| ၃၃။ | ၃၃ ရက်မြောက်နေ့ | ၁၆.၆ % |
| ၃၄။ | ၃၄ ရက်မြောက်နေ့ | ၁၃.၅ % |
| ၃၅။ | ၃၅ ရက်မြောက်နေ့ | ၁၂.၄ % |
| ၃၆။ | ၃၆ ရက်မြောက်နေ့ | ၁၁.၆ % |
| ၃၇။ | ၃၇ ရက်မြောက်နေ့ | ၁၉.၂ % |

ဇယား ၃.၁၉။ ၁၁ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တစ်ရက်ချင်းအလိုက် ခွင့်ဖြင့် ပျက်ကွက်သည့် ရာခိုင်နှုန်း။

## အမျိုးသားလွှတ်တော်

| စဉ် | အစည်းအဝေးရက် | ခွင့်ဖြင့်ပျက်ကွက် |
|---|---|---|
| ၁။ | ပထမနေ့ | ၈.၇ % |
| ၂။ | ဒုတိယနေ့ | ၁၈.၈ % |
| ၃။ | တတိယနေ့ | ၁၈.၈ % |
| ၄။ | စတုတ္ထနေ့ | ၁၆ % |
| ၅။ | ပဉ္စမနေ့ | ၂၁.၁ % |
| ၆။ | ဆဋ္ဌမနေ့ | ၁၇ % |
| ၇။ | သတ္တမနေ့ | ၁၇.၉ % |
| ၈။ | အဋ္ဌမနေ့ | ၁၅.၆ % |
| ၉။ | နဝမနေ့ | ၁၇ % |
| ၁၀။ | ဒသမနေ့ | ၁၅.၆ % |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၂၂ % |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၁၆ % |
| ၁၃။ | ၁၃ ရက်မြောက်နေ့ | ၂၀.၆ % |
| ၁၄။ | ၁၄ ရက်မြောက်နေ့ | ၂၂.၅ % |
| ၁၅။ | ၁၅ ရက်မြောက်နေ့ | ၂၅.၂ % |
| ၁၆။ | ၁၆ ရက်မြောက်နေ့ | ၁၉.၇ % |
| ၁၇။ | ၁၇ ရက်မြောက်နေ့ | ၂၅.၂ % |
| ၁၈။ | ၁၈ ရက်မြောက်နေ့ | ၂၃.၄ % |
| ၁၉။ | ၁၉ ရက်မြောက်နေ့ | ၂၅.၇ % |
| ၂၀။ | ၂၀ ရက်မြောက်နေ့ | ၂၃.၈ % |

| စဉ် | အစည်းအဝေးရက် | ခွင့်ဖြင့်ပျက်ကွက် |
|---|---|---|
| ၂၁။ | ၂၁ ရက်မြောက်နေ့ | ၃၃.၅ % |
| ၂၂။ | ၂၂ ရက်မြောက်နေ့ | ၁၈.၃ % |
| ၂၃။ | ၂၃ ရက်မြောက်နေ့ | ၂၂ % |
| ၂၄။ | ၂၄ ရက်မြောက်နေ့ | ၂၆.၆ % |
| ၂၅။ | ၂၅ ရက်မြောက်နေ့ | ၂၂.၉ % |
| ၂၆။ | ၂၆ ရက်မြောက်နေ့ | ၈.၄ % |
| ၂၇။ | ၂၇ ရက်မြောက်နေ့ | ၁၆ % |
| ၂၈။ | ၂၈ ရက်မြောက်နေ့ | ၁၉.၃ % |
| ၂၉။ | ၂၉ ရက်မြောက်နေ့ | ၂၂.၅ % |
| ၃၀။ | ၃၀ ရက်မြောက်နေ့ | ၂၅.၇ % |
| ၃၁။ | ၃၁ ရက်မြောက်နေ့ | ၁၇ % |
| ၃၂။ | ၃၂ ရက်မြောက်နေ့ | ၂၂ % |
| ၃၃။ | ၃၃ ရက်မြောက်နေ့ | ၁၇.၄ % |
| ၃၄။ | ၃၄ ရက်မြောက်နေ့ | ၂၂.၉ % |
| ၃၅။ | ၃၅ ရက်မြောက်နေ့ | ၁၉.၇ % |
| ၃၆။ | ၃၆ ရက်မြောက်နေ့ | ၁၆ % |
| ၃၇။ | ၃၇ ရက်မြောက်နေ့ | ၁၁.၉ % |

ဇယား ၃.၂၀။ ၁၁ ကြိမ်မြောက် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တစ်ရက်ချင်းအလိုက် ခွင့်ဖြင့် ပျက်ကွက်သည့် ရာခိုင်နှုန်း။

## ပြည်ထောင်စုလွှတ်တော်

| စဉ် | အစည်းအဝေးရက် | ခွင့်ဖြင့်ပျက်ကွက် |
|---|---|---|
| ၁။ | ပထမနေ့ | ၉.၂ % |
| ၂။ | ဒုတိယနေ့ | ၁၀.၈ % |
| ၃။ | တတိယနေ့ | ၁၇.၄ % |
| ၄။ | စတုတ္ထနေ့ | ၇.၇ % |
| ၅။ | ပဥ္စမနေ့ | ၁၉.၂ % |
| ၆။ | ဆဋ္ဌမနေ့ | ၁၉.၉ % |
| ၇။ | သတ္တမနေ့ | ၁၉.၆ % |
| ၈။ | အဋ္ဌမနေ့ | ၁၇.၁ % |
| ၉။ | နဝမနေ့ | ၂၀.၂ % |
| ၁၀။ | ဒသမနေ့ | ၁၈.၃ % |
| ၁၁။ | ၁၁ ရက်မြောက်နေ့ | ၂၁.၁ % |
| ၁၂။ | ၁၂ ရက်မြောက်နေ့ | ၂၃.၉ % |
| ၁၃။ | ၁၃ ရက်မြောက်နေ့ | ၂၄.၁ % |
| ၁၄။ | ၁၄ ရက်မြောက်နေ့ | ၂၂ % |
| ၁၅။ | ၁၅ ရက်မြောက်နေ့ | ၂၃.၈ % |
| ၁၆။ | ၁၆ ရက်မြောက်နေ့ | ၂၂.၈ % |
| ၁၇။ | ၁၇ ရက်မြောက်နေ့ | ၃၁.၅ % |
| ၁၈။ | ၁၈ ရက်မြောက်နေ့ | ၁၈.၈ % |
| ၁၉။ | ၁၉ ရက်မြောက်နေ့ | ၁၉.၇ % |
| ၂၀။ | ၂၀ ရက်မြောက်နေ့ | ၂၃.၆ % |
| ၂၁။ | ၂၁ ရက်မြောက်နေ့ | ၂၀.၂ % |
| ၂၂။ | ၂၂ ရက်မြောက်နေ့ | ၂၀.၂ % |
| ၂၃။ | ၂၃ ရက်မြောက်နေ့ | ၂၁.၆ % |
| ၂၄။ | ၂၄ ရက်မြောက်နေ့ | ၁၅.၈ % |
| ၂၅။ | ၂၅ ရက်မြောက်နေ့ | ၁၆ % |
| ၂၆။ | ၂၆ ရက်မြောက်နေ့ | ၂၆.၄ % |
| ၂၇။ | ၂၇ ရက်မြောက်နေ့ | ၁၇.၅ % |
| ၂၈။ | ၂၈ ရက်မြောက်နေ့ | ၂၀.၇ % |
| ၂၉။ | ၂၉ ရက်မြောက်နေ့ | ၁၆ % |
| ၃၀။ | ၃၀ ရက်မြောက်နေ့ | ၂၁.၃ % |
| ၃၁။ | ၃၁ ရက်မြောက်နေ့ | ၃၃.၃ % |
| ၃၂။ | ၃၂ ရက်မြောက်နေ့ | ၂၁.၆ % |
| ၃၃။ | ၃၃ ရက်မြောက်နေ့ | ၁၈.၈ % |
| ၃၄။ | ၃၄ ရက်မြောက်နေ့ | ၁၈.၃ % |
| ၃၅။ | ၃၅ ရက်မြောက်နေ့ | ၂၀.၂ % |
| ၃၆။ | ၃၆ ရက်မြောက်နေ့ | ၂၆.၃ % |

ဇယား ၃.၂၁။ ၁၁ ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တစ်ရက်ချင်းအလိုက် ခွင့်ဖြင့် ပျက်ကွက်သည့် ရာခိုင်နှုန်း။

## အခန်း (၄)
## တွေ့ရှိချက်များနှင့် အကြံပြုချက်များ

### ၄.၁ တွေ့ရှိချက်များ

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် လွှတ်တော်များ၏ အဓိကတာဝန်များဖြစ်သော မဲဆန္ဒရှင်ပြည်သူများကို ကိုယ်စားပြုရေး၊ ဥပဒေပြုရေး၊ အစိုးရအား စိစစ်ထိန်းကျောင်းရေးတို့ကို ပိုမိုထိရောက်စွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ပါသည်။ မေးခွန်းများနှင့်အဆိုများသည် ဥပဒေပြုခြင်းဖြစ်စဉ်ထက် ပိုမိုလွယ်ကူရိုးရှင်းမှုများကြောင့်လည်းကောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထွက်ပေါ်လာခဲ့သည့် ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်များအပေါ် မဲဆန္ဒရှင်နိုင်ငံသားများ၏စိတ်ဝင်စားမှုနှင့် နားလည်မှုတို့ကို တစ်ဆင့်ချင်း တည်ဆောက်နိုင်ရန် ရည်ရွယ်သည်က တစ်ကြောင်း၊ အချက်အလက်များပိုမိုပြည့်စုံစေရန် အတွက်လည်းကောင်း စသည်တို့ကြောင့်မေးခွန်းများနှင့်အဆိုများကို ဦးစွာ လေ့လာခဲ့ကြခြင်းဖြစ်ပါသည်။

ယခု (၁၁)ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးများ၊ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများ နှင့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်း မေးမြန်းခဲ့သောမေးခွန်းများ၊ တင်သွင်းခဲ့သောအဆိုများနှင့် အတည်ပြုခဲ့သောဥပဒေကြမ်းများ၊ ထို့အတူ လွှတ်တော်အစည်းအဝေးများကျင်းပနေသည့်ရက်များအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်တိုင်ကြားပျက်ကွက်ခဲ့သော စာရင်းများကို သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးမှတ်တမ်းစာအုပ်များမှ ကောက်နုတ်ပြီး မိမိတို့၏ တွေ့ရှိချက်များကို မှတ်တမ်းများပြုလုပ်၍ အစီအရင်ခံစာ ရေးသားပြုစုခဲ့ကြခြင်းဖြစ်ပါသည်။

ယခု (၁၁)ကြိမ်မြောက် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးများ၊ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးများနှင့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများအတွင်း လွှတ်တော်အစည်းအဝေးကျင်းပသည့်ရက်ပေါင်း ပြည်သူ့လွှတ်တော်တွင် ၃၇ ရက်၊ အမျိုးသားလွှတ်တော်တွင် ၃၇ ရက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် ၃၆ ရက်ကျင်းပခဲ့ကြပါသည်။

ထိုသို့ကျင်းပခဲ့ရာတွင် ပြည်သူ့လွှတ်တော်အစည်းအဝေး ၃၇ ရက်ကျင်းပခဲ့ရာ မေးခွန်းစုစုပေါင်း ၁၇၁ခု

မေးမြန်း သွားခဲ့ပြီး အဆိုပါမေးခွန်း မေးမြန်းခဲ့မှုများနှင့် စပ်လျဉ်း၍ ပါတီများအလိုက် လေ့လာမှုပြုခဲ့ရာတွင် ပါတီစုစုပေါင်း ၁၃ ပါတီ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးတို့မှ မေးခွန်းများ မေးမြန်းသွားခဲ့ကြပါသည်။ အဆိုစုစုပေါင်း ၆ ခု တင်သွင်း ဆွေးနွေးသွားခဲ့ရာတွင်လည်း အဆိုအားလုံး ကို ပါတီနှစ်ခုမှတင်သွင်းသွားခဲ့ပြီး အကြောင်းအရာအား ဖြင့် ကဏ္ဍ ၄ ခုနှင့် ဆက်စပ်၍ အဆိုများ တင်သွင်း သွားခဲ့ကြပါသည်။။

ထို့အတူ အမျိုးသားလွှတ်တော်အစည်းအဝေး ၃၇ရက် ကျင်းပခဲ့ရာတွင်လည်း မေးခွန်းစုစုပေါင်း ၁၅၆ ခု မေးမြန်းသွားခဲ့ကြပြီး အဆိုပါ မေးခွန်းမေးမြန်းခဲ့မှုများနှင့် စပ်လျဉ်း၍ ပါတီများအလိုက်လေ့လာမှုပြုခဲ့ရာတွင် ပါတီစုစုပေါင်း ၁၁ ပါတီနှင့် တပ်မတော်သားကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းသွားခဲ့ကြပါသည်။ အဆိုစုစုပေါင်း ၆ ခု တင်သွင်းဆွေးနွေးသွားခဲ့ရာတွင်လည်း အဆိုအားလုံးကို ပါတီနှစ်ခုမှ တင်သွင်းသွားခဲ့ပြီး အကြောင်းအရာအားဖြင့် ကဏ္ဍ ၅ ခုနှင့် ဆက်စပ်၍ အဆိုများ တင်သွင်းသွားခဲ့ကြပါသည်။

သို့သော် ပြည်ထောင်စုလွှတ်တော်တွင် အစည်းအဝေး ကျင်းပခဲ့သည့်ရက်ပေါင်း ၃၆ ရက်အတွင်း မေးခွန်းများ မေးမြန်းခဲ့ခြင်းကို လုံးဝ မတွေ့ရှိခဲ့ရပေ။ ပြည်ထောင်စုလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ကာလများတွင် မေးခွန်းနှင့်အဆိုများကို မတွေ့ရှိခဲ့ရသော်လည်း ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း တင်သွင်းခဲ့သော အဆိုစုစုပေါင်း ၁၀ ခု ရှိခဲ့ပါသည်။ ထိုသို့ အဆိုတင်သွင်းနိုင်ခဲ့မှုများကို တင်သွင်းခဲ့သော ပါတီများအလိုက် လေ့လာကြည့်ရာတွင် ပါတီ ၃ ခုနှင့် ကော်မတီတစ်ခုတို့မှ အဆိုများ တင်သွင်းခဲ့ကြောင်း တွေ့ရပြီး၊ အကြောင်းအရာအားဖြင့် ကဏ္ဍ ၄ ခု ဆက်စပ်၍ တင်သွင်းခဲ့သော အဆိုများဖြစ်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထို့အတူ အစည်းအဝေး ၃၆ ရက်တာကာလအတွင်း အတည်ပြုခဲ့သော ဥပဒေကြမ်းများကို ပွင့်လင်းမြန်မာ့ ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးမှ ဇယားများဖြင့် ကောက်နှုတ်၍ လေ့လာမှု လွယ်ကူအောင် ဖော်ပြပေးခဲ့ပါသည်။

ယခု (၁၁) ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးကာလများအတွင်း လွှတ်တော်များတွင် မေးခွန်းမေးမြန်းခဲ့မှုများကို လေ့လာရာတွင် အမျိုးသားလွှတ်တော်တွင် ပုံမှန်အစည်းအဝေး ပထမအကြိမ်မှ ဒသမ အကြိမ်အထိ တစ်ရက်တာ မေးခွန်းမေးမြန်းခဲ့မှုများအား နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခု (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း မေးခွန်းမေးမြန်း ခဲ့မှုများသည် ယခင်မေးခွန်းမေးမြန်းခဲ့မှုများနှင့် ကွာဟမှုများစွာ ရှိမနေခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိ ခဲ့ရပါသည်။ ၎င်းအပြင် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးများ ကျင်းပနေစဉ် (၂၀၁၄ ခုနှစ်၊ မေလ (၁)ရက်နေ့မှ (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့) အထိ ၆ လတာ ကာလများအတွင်း လွှတ်တော် အစည်းအဝေးများ၌ ကြယ်ပွင့်ပြမေးမြန်းခဲ့သော မေးခွန်းများရှိနေသကဲ့သို့ပင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများထံသို့ စာဖြင့်မေးမြန်းခဲ့သော ကြယ်ပွင့်မပြ မေးခွန်းစုစုပေါင်း ၂၃၉ ခု ရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ ထိုသို့ မေးမြန်းခဲ့ရာတွင် ပညာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတတ်ရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများကို အများဆုံး မေးမြန်းသွားခဲ့ကြပါသည်။ ပြည်သူ့လွှတ်တော်တွင် (၁၁)ကြိမ်မြောက်အစည်းအဝေး ကာလများအတွင်း မေးခွန်းမေးမြန်းခဲ့မှုများကို လေ့လာကြည့်ရာတွင် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးပထမအကြိမ်မှ ဒသမ အကြိမ်အထိ တစ်ရက်တာ မေးခွန်းမေးမြန်းခဲ့မှုများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခု (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးအတွင်း မေးခွန်းမေးမြန်းခဲ့မှုများသည် ယခင်မေးခွန်းမေးမြန်းခဲ့မှုများထက် မေးမြန်းနိုင်မှု လျော့နည်းလာခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။ ထိုသို့မေးခွန်းမေးမြန်းသွားခဲ့မှုများတွင် အမျိုးသားလွှတ်တော်တွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် လူမှုရေးအထောက်အပံ့ဆိုင်ရာကဏ္ဍများနှင့် သက်ဆိုင်သောမေးခွန်းများကို ပိုမိုမေးမြန်းသွားခဲ့ကြသည်ကိုလည်း လေ့လာ တွေ့ရခဲ့ရပါသည်။ ပြည်သူ့လွှတ်တော်တွင် အုပ်ချုပ်ရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများနှင့် ဝန်ဆောင် မှုကဏ္ဍ၊ လူမှုရေးအထောက်အပံ့ကဏ္ဍဆိုင်ရာများကို အဓိက မေးမြန်းသွားခဲ့ကြောင်း

တွေ့ရှိရမည်ဖြစ်ပါသည်။

ထို့အတူပင် အဆိုများ တင်သွင်းဆွေးနွေးခဲ့မှုများတွင်လည်း ယခင် ကျင်းပခဲ့ပြီးသော လွှတ်တော်ပုံမှန်အစည်းအဝေးများထက် နည်းပါးနေခဲ့ကြောင်းကို တွေ့ရှိရပြီး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကာလများအတွင်း တင်သွင်းခဲ့သော အဆိုများအားလုံးသည် ၄င်းအဆိုများနှင့် ပတ်သက်၍ ထောက်ခံသည့်သဘောဖြင့် ဝင်ရောက်ဆွေးနွေးခဲ့ကြသည့် ကိုယ်စားလှယ်များသော်လည်းကောင်း၊ ကန့်ကွက်သည့်သဘောဖြင့် ဝင်ရောက်ဆွေးနွေးခဲ့သော ကိုယ်စားလှယ်များသော်လည်းကောင်း မရှိခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့အတူပင် အမျိုးသားလွှတ်တော်တွင် တင်သွင်းခဲ့သောအဆိုများအပေါ် လေ့လာကြည့်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဝင်ရောက်ဆွေးနွေးခဲ့မှုသည် ယခင် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် တင်သွင်းခဲ့သည့်အဆိုများအပေါ် ဝင်ရောက်ဆွေးနွေးမှုများထက် ရာခိုင်နှုန်းအားဖြင့် ကျဆင်းသွားခဲ့သည်ကိုတွေ့ရှိခဲ့ရပါသည်။ လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများ အပေါ် ဆွေးနွေးခဲ့မှုများသည်လည်း ယခင် လွှတ်တော် အစည်းအဝေးကာလများအတွင်း အချိန်ယူ ဆွေးနွေးသွားခဲ့ကြသကဲ့သို့ ဆွေးနွေးသွားခြင်းမျိုး မတွေ့ရှိရ ပေ။ ဆိုလိုသည်မှာ အဆိုတင်သွင်းခဲ့သည့်နေ့၌ပင် အစည်းအဝေးကျင်းပနေသည့် တစ်ရက်တည်းနှင့် လွှတ်တော်မှ အဆုံးအဖြတ်များ ရယူခဲ့ကြောင်းကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၄.၂ အကြံပြုချက်များ

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်၊ ၂၀၁၂ ခုနှစ် ရွေးကောက်ပွဲများနှင့်အတူ လွှတ်တော်နိုင်ငံရေးအသွင်အသစ်တစ်ရပ်ပေါ်ထွန်းလာခဲ့ပေသည်။ လွှတ်တော်များ၏လုပ်ငန်းဆောင်တာများသည်လည်း ငါးနှစ်တာကာလအတွင်းဖြတ်သန်းမှု ရှိလာခဲ့ပြီးဖြစ်သကဲ့သို့ လွှတ်တော် ပုံမှန်အစည်းအဝေးများသည်လည်း ယခုအခါ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးကာလသို့ ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အပြောင်းအလဲကာလများအတွင်း ဥပဒေပြုရေးမဏ္ဍိုင်သည် တာဝန်ယူနိုင်မှု၊ တာဝန်ခံနိုင်မှု အားကောင်းသည့် မဏ္ဍိုင်များအဖြစ် မိမိတို့၏ မဲဆန္ဒရှင် နိုင်ငံသားများအား သက်ဆိုင်ရာလွှတ်တော်များ၏ လုပ်ငန်းဆောင်တာများနှင့် ဆက်စပ်၍ ပွင့်လင်းမြင်သာမှုရှိသော ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာစေရန် ကြိုးစားဆောင်ရွက်သွားနိုင်ရန် လိုအပ်ပေသည်။

လွှတ်တော်၏ လုပ်ငန်းဆောင်တာများပိုမိုအားကောင်းလာမှသာလျှင် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်လာနိုင်သည့် သဘောပင် ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်များမှလည်း လွှတ်တော်၏ လုပ်ငန်းဆောင်တာများ အားကောင်းလာသည့်အခြေအနေကို အရာအမိဆုပ်ကိုင်ပြီး မတူကွဲပြားသောအမြင်များ၊ ရှုထောင့်များအားလုံးကို ထည့်သွင်းစဉ်းစား၍ နိုင်ငံသားများ၏အကျိုးစီးပွားနှင့်လုံခြုံမှုကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားနိုင်ရန်လိုအပ်မည် ဖြစ်ပါသည်။

လွှတ်တော်၏အဓိကလုပ်ငန်းဆောင်တာများဖြစ်သော မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ရေးဆွဲခြင်း စသည့်လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင်လည်း လွှတ်တော်အင်စတီကျူးရှင်းများ၏ဆောင်ရွက်မှုများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုဖော်ဆောင်နိုင်မည့်အပြောင်းအလဲများကို ပိုမိုပံ့ပိုးဖော်ဆောင်ကျဉ်းပေးနိုင်ရန် လိုအပ်ပေသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့၏တိုင်းရင်းသားဖြစ်မှု၊ နိုင်ငံရေးပါတီနောက်ခံစသည့် အချက်အလက်များအပေါ် ထည့်သွင်းစဉ်းစားခြင်းထက် ဒီမိုကရေစီနှင့် နိုင်ငံရေးအလေ့အထကောင်းများ ပေါ်ထွန်းလာစေရေးကို ရှေးရှု၍ မေးခွန်းများ မေးမြန်းမှုတွင်လည်းကောင်း၊ အဆိုများတင်သွင်းမှုတွင်လည်းကောင်း၊ ဥပဒေကြမ်းများတင်

လွှတ်တော်စောင့်ကြည့်လေ့လာရေး **အစီရင်ခံစာ အမှတ် (၆)**

# မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်

(၁၁ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက်)

လွှတ်တော်စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ အမှတ် (၆) အနေဖြင့် အစည်းအဝေး တစ်ကြိမ်ချင်းအလိုက် သုံးသပ်လေ့လာမှု ပြုရာတွင် လွှတ်တော်လုပ်ငန်းဆောင်တာများထဲမှ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ပိုင်းခြားလေ့လာထားခြင်းဖြစ်ပါသည်။ ရရှိနိုင်သည့် အချက်အလက်အထောက်အထားများကို အခြေခံ၍ ယခု ' မြန်မာ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြု ချဉ်းကပ်လေ့လာချက် (ဒသမ ပုံမှန်အစည်းအဝေးကို ကိန်းဂဏန်းအခြေပြုလေ့လာချက်)' ကို ကိန်းဂဏန်းစာရင်းဇယားများနှင့် ဂရပ်ပုံများအဖြစ်ပြောင်းလဲလျက် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုလေ့လာနိုင်ရန် ပြုစုထုတ်ဝေရခြင်း ဖြစ်ပါ သည်။

လွှတ်တော်ကိုယ်စားလှယ်များစောင့်ကြည့်လေ့လာရေးအစီအစဉ်မှ အစီရင်ခံစာများကို ရွေးကောက်ခံ သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် ယင်းတို့၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်နိုင်ရန်၊ အများပြည်သူ သိရှိခြင်းငှာ ထောက်ပြနိုင်ရန်နှင့်အကြံပေးမှုများကိုပြုလုပ်နိုင်ရန် ပွင့်လင်းမြန်မာ့ရှေ့ဆောင် လွှတ်တော်စောင့်ကြည့်လေ့လာရေးအစီအစဉ်မှ ပြုစုထုတ်ဝေသွားမည် ဖြစ်ပါသည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်သည် ငွေကြေးအကျိုးအမြတ်အတွက် ရည်မျှော်ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားသော အနာဂတ်ကို တည်ဆောက်ရာတွင် နိုင်ငံသားတိုင်း တစ်ဦးမကျန် ပါဝင်အားစိုက် ဆောင်ရွက်နိုင်ကြရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် သတင်းအချက်အလက်နှင့် အသိဉာဏ်အလင်း ရပိုင်ခွင့်များကို မြှင့်တင်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။ နိုင်ငံရေးပါတီအစွဲမရှိသော၊ အနှောင်အဖွဲ့ကင်း၍အတွေးအခေါ်အရ လွတ်လပ်သော လူပုဂ္ဂိုလ်များ၏ စုဖွဲ့ဆောင်ရွက်မှု တစ်ခုလည်းဖြစ်သည်။ ထိုသို့စုဖွဲ့ဆောင်ရွက်ရာတွင် အဖွဲ့အစည်းစုဖွဲ့မှုသည် အထက်အောက် စုဖွဲ့ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ တန်းတူပူးပေါင်းပါဝင်မှုရှိသည့် အဖွဲ့အစည်းပုံစံ ဖြစ်သည်။

ပွင့်လင်းမြန်မာ့ရှေ့ဆောင်
အမှတ်(၈၂)၊ အင်းစိန်လမ်းနှင့် သုခလမ်းထောင့်၊
(၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်
E-mail : research@omimyanmar.org

သွင်းမှုတွင်လည်းကောင်း သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားပြုသူများ၊ ဝင်ရောက်ဆွေးနွေးခွင့်ရှိသူများ အားလုံး၏အမြင်ရှုထောင့်များ၊ ဝင်ရောက်ဆွေးနွေးသွားမှုများလည်း တန်ဖိုးထား ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာ မိမိတို့၏ မဲဆန္ဒရှင် ပြည်သူများနှင့် ထိတွေ့ ဆက်ဆံမှုများကိုလည်း မပြတ်အလေးထား ဆောင်ရွက်သွားနိုင်ရန်လိုအပ်မည် ဖြစ်ပါသည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း ရွေး ကောက်ပွဲသက်တမ်းကာလတစ်ခုကို ကုန်လွန်ဖြတ် သန်းရန် ကာလတိုအပိုင်းအခြားတစ်ခုသာ ကျန်ရှိတော့သည့်အတွက် မိမိတို့၏ မဲဆန္ဒနယ်အသီးသီးမှ ရွေးကောက်တင်မြှောက်ခဲ့သော ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များကို မပြတ်စောင့်ကြည့်လေ့လာခြင်း၊ မိမိတို့၏ဒေသ၊ မိမိတို့နိုင်ငံအကျိုးစီးပွားနှင့် ဆက်စပ်သော အရေးကိစ္စများကို သက်ဆိုင်ရာကိုယ်စား လှယ်များနှင့် ဆွေးနွေးခြင်း၊ အသိပေးခြင်းအားဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှု ပိုမိုမြင့်မားလာစေနိုင်ပါသည်။ ကိုယ်စားလှယ်များ၏ ကိုယ်စားပြုမှု၊ ဥပဒေပြုမှု၊ အစိုးရအား ထိန်းကျောင်း စိစစ်မှုစသော စွမ်းဆောင်ရည်များလည်း ပိုမိုမြင့်မားစွာ ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

---

**ရည်ညွှန်းကိုးကားစာအုပ်များစာရင်း**


ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ) (၂၀၁၄ ခုနှစ်)
ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) (၂၀၁၄ ခုနှစ်)
ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ) (၂၀၁၄ ခုနှစ်)
ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) (၂၀၁၄ ခုနှစ်)
ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ပထမတွဲ) (၂၀၁၄ ခုနှစ်)
ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှတ်တမ်း (ဒုတိယတွဲ) (၂၀၁၄ ခုနှစ်)
http://www.pyithuhluttaw.gov.mm/
http://www.amyothahluttaw.gov.mm/
http://www.myanmarparliament.gov.mm/